WWW.DHAMMARANSI.COM

လက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော်

# အံ့မခန်းအလှူတော်ကြီး

- ဇောတိကသဌေးကြီး။
- ဇဋိလသဌေးကြီး။
- မေဏ္ဍကသဌေးနှင့်ဆုထူး ပန်ဆင်သူငါးဦး။
- ကာကဝလိယဝတ္ထု။
- သုမနပန်းသည်ဝတ္ထု။

ဝတ္ထုပေါင်း ၉ ပုဒ် ပါရှိပါသည်။

(တတိယအကြိမ်)

ဦးလှခင်ဆောင်းအုပ်ကြီး စိစဉ်ရေးသားသည်

အမှတ်စဉ် ၂
သက်တော ဘ စဉ်

WWW.DHAMMARANSI.COM

# အဓမ္မိကဒါနမျိုး ၉ ပါး

## မလုပ်သင့်ရာသောဒါနမျိုး

အလှူရှင်များ လှူဒါန်းရန် စိတ်ညွတ် ဆုံးဖြတ်ပြီးသားကိုပင် ကြားလူများ အလှူပွဲစားများ ဆွဲဆောင်မှုကြောင့် စိတ်ထားပြောင်းကာ၊ ပြောင်းလဲ လှူဒါန်းမှုသည် အဓမ္မိကဒါနဖြစ်၏။

(၁) သံဃပရိဏာဘခေါ် ဤသံဃာသို့လှူရန် စိတ်ဆုံးဖြတ်ပြီးသားကို (က) အခြား သံဃာသို့ လှူဒါန်းပြောင်းလဲလှူခြင်း (ခ) စေတီတော်သို့ လှူခြင်း၊ (ဂ) ပုဂ္ဂိုလ်တပါးကိုပေးလှူလိုက်ခြင်း။

(၂) စေတီပရိဏာတခေါ် "ဤစေတီကို" လှူရန်စိတ်ညွတ်ပြီးသော ဝတ္ထုပစ္စည်းကို (က) အခြား စေတီသို့လည်းကောင်း (ခ) သံဃာသို့လည်းကောင်း (ဂ) ပုဂ္ဂိုလ်သို့ လည်းကောင်းပေးလှူခြင်း။

(၃) ပုဂ္ဂလပရိဏာဘခေါ် "ဤပုဂ္ဂိုလ်သို့"ပေးလှူရန် စိတ်ညွတ်ပြီးသောဝတ္ထုပစ္စည်းကို (က)အခြား ပုဂ္ဂိုလ်အားလည်းကောင်း၊ (ခ) သံဃာအား လည်းကောင်း၊ (ဂ)စေတီအားလည်းကောင်း ပေးလှူလိုက်ခြင်းတို့ကို (အဓမ္မိကဒါန) မလုပ်သင့်ရာသော လှူခြင်းဖြစ်၏။

[ဝိနည်းပိဋကတ်တော်မှ]

WWW.DHAMMARANSI.COM

# မှတ်သားဖွယ်ရာ ကျမ်းတော်လာ

## တရားနှင့်လျော်သောအလှူ

(ဓမ္မိကဒါန အပြား ၃-ပါး)

(၁) သံဃာသို့လှူရန် ရည်မှန်းပြီးသော ဝတ္ထုပစ္စည်းကို သံဃာသို့သာ ပေးလှူပါ။
သံဃဿ နိန္နံ၊ သံဃ ဿေဝ ဒေတိ။

(၂) စေတီသို့လှူရန် စိတ်ညွှတ်ပြီးသော ဝတ္ထုပစ္စည်းကို စေတီသို့သာ ပေးလှူပါ။
စေတီယဿ နိန္နံ၊ စေတီယဿေဝ ဒေတိ။

(၃) ပုဂ္ဂိုလ်ကိုလှူရန် ညွှတ်ပြီးသော ဝတ္ထုကို ပုဂ္ဂိုလ်သို့သာ ပေးလှူပါ။
ပုဂ္ဂလဿ နိန္နံ၊ ပုဂ္ဂလဿေဝ ဒေတိ။

တတိယအကြိမ်

WWW.DHAMMARANSI.COM

စာမူကြိုတင် ခွင့်ပြုချက် အမှတ် ( ၂၁၃ )
မျက်နှာဖုံးခွင့်ပြုချက် အမှတ် ( ၂၈၆ )
ပထမ အကြိမ်—၁၉၈၁၊ ဖေဖော်ဝါရီလ (၇၀၀၀)
ဒုတိယအကြိမ်—၁၉၈၁၊ နိုဝင်ဘာလ။ (၅၀၀၀)
တတိယအကြိမ်—၁၉၈၃၊ ဖေဖော်ဝါရီလ။ (၃၅၀၀)
ဈေးနှုန်း ၃-ကျပ်

ဝန္ဒနာနှင့် ဆုပန်လွှာ
ပဋ္ဌာန်ကျမ်း အဖွင့်ဝန္ဒနာမိ သမ္ဗုဒ္ဓါ

သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊ နှစ်ဖြာ မိဘ၊ များလှကျေးဇူး၊ ဂုဏ်အထူးကို၊ ကြည်နူးသဒ္ဓါ၊ ဝန္ဒနာဖြင့်၊ ဦးစွာရိုကျိုး၊ ကျွန် ရှိခိုး၏။

ထို့ပြင်တဝ— ဖတ်ရ မှတ်ရ၊ ကြားနာရသည့်၊ သုတ ဖြာဖြာ၊ ဆည်းပူးရာသား၊ ဆရာများပါ ဝတ်တွားဝန္ဒာရှိခိုးကာလျှင်၊ ဤစာကျမ်းမြတ်၊ ပြုစုအပ်သည်၊ နိဗ္ဗာန်ပြည်မြတ် ရည်သတည်း။

ထုတ်ဝေသူ။ ။ဦးထွန်းဖြူ(ခ)ဦးထွန်းဇော် (၀၁၀၅၃မြဲ)
ဇော်စာပေ၊ အမှတ် ၂၁၀၊ ၃၂ လမ်း၊
ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးလှခင်/ဆန်းညွန့်ဦး (၀၁၀၂၀မြဲ)
ဆန်းညွန့်ဦးပုံနှိပ်တိုက်
အမှတ် ၁၃၃၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
တတိယအကြိမ်

WWW.DHAMMARANSI.COM

# သက်သာစာစဉ် အမှတ် (၂) တတိယအကြိမ်

## အွံ့မခန်းအလှူတော်ကြီးများ

သက်မွေးစင် ဓမ္မဒါ ဝတ္ထုတော်

---

---

---

တို့၏ ဓမ္မဒါနအလှူတော်

နတ် လူ သာဓု ခေါ်စေသော်–

ဤကောင်းမှုကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် လျင်မြန်ထိုးဖောက် သိမြင်ပြီး နိဗ္ဗာန်ပြည်မြတ်သို့ ကူးမြောက်နိုင်ပါစေသတည်း။

ဦး-လှခင်(ဆင်းညွှန့်ဦး) စီစဉ်ရေးသားသည်

တအုပ် ၃/-

သက်သာ [redacted]

1 (တတိယအကြိမ်)

WWW.DHAMMARANSI.COM

# လောကုတ္တရာအကျိုး

လက်ဖွေးစင် ဓမ္မပဒ ဝတ္ထုတော်

## ဗုဒ္ဓစာပေ ဖတ်ရှုလေတိုင်း ရမြဲမသွေ ကောင်းမှုတွေကား

၁။ ရတနာသုံးပါး၌ အတိုင်းမသိ ကိုင်းရှိုင်းရိုသေခြင်း၊

၂။ သဒ္ဓါတရားကြီးထွားခြင်း၊

၃။ သတိအားကောင်းခြင်း၊

၄။ ပညာဉာဏ် ပြန့်ပြောခြင်း၊

၅။ ကောင်းမှု တိုးပွားခြင်း၊

၆။ ပီတိပါမောဇ္ဇ အားကြီးခြင်း၊

၇။ အကြောက်အလန့် ကင်းစင်ခြင်း၊

၈။ ဆင်းရဲကို ခံနိုင်ရည်ရှိခြင်း၊

၉။ လူ့သဘာဝ စရိုက်ဆိုးများပယ်ဖျောက်၍ စရိုက်ကောင်းများ ဖော်ဆောင်နိုင်ခြင်း။

၁၀။ ဖတ်ရှုနေစဉ်အတွင်း ရတနာသုံးပါး အာရုံဖြင့် တမုဟုတ်မျှ ကင်းကွာမှု မရှိခြင်း၊

၁၁။ ထိုထိုသောပုဂ္ဂိုလ်ထူးတို့ရရှိအပ်သောဒါနအကျိုး၊သီလအကျိုး ဘာဝနာ အကျိုးတို့ကို ရရှိခံစားလိုသော စိတ်ဓာတ်များ ဖြစ်ပေါ်လာပြီး၊ မကောင်းမှုများကို ကြဉ်ရှောင်၊ ကောင်းမှု ကောင်းကျိုးကို ဆောင်လိုစိတ်များ ပေါ်ပေါက်ခြင်း၊

၁၂။ ထိုထိုပုဂ္ဂိုလ်တို့ကဲ့သို့ ကျင့်ကြံလိုစိတ် ပွားများလာပြီး သံသရာ လမ်းမှ နိဗ္ဗာန်စခန်းသို့ ရည်သန်ကျင့်ကြံလိုသော သဒ္ဓါတရား ပေါ်လာနိုင်ခြင်း၊

[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပထမတွဲ]

ဘာတိယအကြိမ်

WWW.DHAMMARANSI.COM

လောကီအကျိုး

(လက်ရွေးစင်) ဓမ္မပဒ (ဝတ္ထုတော်)

# ဤစာအုပ်ကို ဖတ်ခြင်းဖြင့်-

ရရှိလာမည့် မျက်မှောက် လောကီ အကျိုးထူးများ

၁။ စာဖတ်ရှိန်နှုန်း .... မြင့်မားလာကြမည်။
၂။ စာဖတ်လိုစိတ် .... ပွားများလာကြမည်။
၃။ ဗဟုသုတ .... တိုးပွားမည်။
၄။ အတွေးအခေါ် .... တိုးတက်မြင့်မားလာမည်။
၅။ စိတ်ဓာတ် .... ကြံ့ခိုင်မြင့်မားလာမည်။
၆။ လူကိုလူချင်း .... ခွင့်လွှတ်သည်းခံနိုင်မည်။
၇။ လူသားချင်းချင်း .... မေတ္တာတရားထားလာနိုင်မည်။
၈။ လူသားချင်းအပေါ် .... သဒ္ဓါတရားတိုးပွားလာမည်။
၉။ ကိုယ်ကျင့်တရား .... တိုးတက်လာမည်။
၁၀။ ထက်မြက်လုံ့လ .... ရှိလာကြမည်။
၁၁။ သူတပါးကို .... ကူညီလိုစိတ်တိုးပွားမည်။
၁၂။ မိမိကိုယ်ကို .... အားကိုးစိတ်တိုးပွားမည်။

ဤသို့လျှင် အဖိုးမဖြတ်နိုင်သောစာအုပ်ဖြစ်ပါသည်။

တတိယအကြိမ်

WWW.DHAMMARANSI.COM

# ဓမ္မပဒဟူသည်ကား

ဗုဒ္ဓဘာသာတို့၏ "အခြေခံတရား" အခြေခံကျင့်စဉ်။ "တရားညွှန့်ပေါင်းကျမ်း"ဟူ၍ အဓိပ္ပာယ်ရပါသည်။

ရှင်တော်ဘုရားသည် ကျွတ်ထိုက်သူတို့အားဟောကြားတော်မူ၍ ကျွတ်တန်း ဝင်စေနိုင်သော (တရားအဆီအနှစ်) များပင်ဖြစ်သည်။ ဇွဲလုံ့လဝီရိယဖြင့် အားထုတ်ပါက မဂ်ဖိုလ်ခရီးကို ဆိုက်ရောက်နိုင်သော တရားတော်များဖြစ်သည်။

ဓမ္မပဒဝတ္ထုတော်များကား

ရှင်တော်ဘုရား သက်တော် ထင်ရှား (၄၅-ဝါ) အတွင်း တကယ့်အဖြစ်အပျက်များပင် ဖြစ်ပါသည်။

ဓမ္မပဒကျမ်းကြီး

လူမျိုးမရွေး ဘာသာမရွေး လက်ခံကျင့်သုံးနိုင်သော လမ်းညွှန်ချက်များ များစွာပါရှိသည်။

ထို့ကြောင့်ပင် အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ ဂျာမန်၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်ဘာသာများသို့ ကမ္ဘာ့နိုင်ငံအသီးသီးက ဘာသာပြန်ဆိုကြသည်။

တိုင်းရင်းသား ပိုးကရင်စာပေဖြင့် လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာခန့်ကပင် ဓမ္မပဒကျမ်းကို ပြုစုထားခဲ့ကြသည်။

ဤမျှ လူမျိုးမရွေး ဘာသာမရွေး ဖတ်ရှုသင့်သော ဓမ္မပဒ ဝတ္ထုတော်များကို ကျေးရွာအနှံ့ တောင်သူ လယ်သမား တိုင်းရင်းသား လုပ်သားပြည်သူတို့ လက်ဝယ်သို့ ရောက်စေလိုသဖြင့် (သက်သာစာစဉ်များ)အဖြစ် တအုပ်လျှင် ၃-ကျပ်နှုန်းနှင့် စီစဉ်ထုတ်ဝေခြင်းပြုရပါကြောင်း။

တတိယအကြိမ်

WWW.DHAMMARANSI.COM

# အံ့မခန်းအလှူတော်ကြီးများ

## နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ရာဇဂြိုဟ်ပြည်တွင် အလွန့်အလွန်ကြွယ်ဝသော အလွန်ပါရမီထူးမြတ်လှသည့်သဌေးကြီး ငါးဦးရှိကြသည်။ (၁) ဇောတိက၊ (၂)ဇဋိလ၊(၃)မေဏ္ဍက၊ (၄)ကာကဝလ္လိယ၊ (၅)ပုဏ္ဏသဌေးကြီးများ ဖြစ်ကြသည်။

ယင်းတို့၏ ပါရမီထွန်းတောက်ပုံများမှာလည်း အံ့မခန်းဖြစ်ကြသည်၊လက်ရွေးစင်အမှတ် ၁ တွင် ပုဏ္ဏသဌေးကြီးအကြောင်း ဖော်ပြခဲ့ပါပြီ။ ယခုဆက်လက်၍ ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ကာကဝလ္လိယနှင့် သုမနပန်းသည်တို့၏ ရှေးကဒါန၊ မျက်မှောက်ဒါနအကျိုးဆက်တို့၏ အံ့မခန်းပုံတို့ကို ဖတ်ရှုကြရပါမည်။

ဤအမှတ် ၂ မှ "မေဏ္ဍက" သဌေးဝတ္ထုတွင် (ဆုထူးပန်ဆင်သူ ငါးဦး)အကြောင်း ပါရှိပါသည်၊ မေဏ္ဍက သဌေး၏ သားမနုဿယသဌေးနှင့်ပဒုမဒေဝီတို့မှ ပွားမြင်၍ ခုနစ်နှစ်သမီးအရွယ်ကစ၍ သောတာပန် ဖြစ်ခဲ့သည့် "ဝိသာခါ ကျောင်းအမကြီး" ဝတ္ထုအကျယ်ကို မှတ်သားဖွယ်ရာ အစုံဖြင့် လက်ရွေးစင် (၃) တွင် ဖော်ပြပါမည်၊ လက်ရွေးစင်(၃) တွင် "ဝိသာခါကျောင်းအမကြီးဝတ္ထု" အပြင် အခြား ဆက်နွယ်သောဝတ္ထုများ ပါရှိပါလိမ့်မည်။

ဤမေဒ္ဓသနာတို့ကို ဖတ်ရှုနေချိန်တွင် အကုသိုလ်စိတ်မဝင်ပဲ၊ ကုသိုလ်စိတ်တို့သာ ပွားများလာရပါသဖြင့် ဆက်လက်ဖတ်ရှု၍ ကုသိုလ်တော် ပွားကြပါကုန်။

တတိယအကြိမ်

WWW.DHAMMARANSI.COM



# ဇောတိက ဝတ္ထု

ဒုတိယအကြိမ်

# ဇောတိကနှင့် ဇဋိလတို့ဝတ္ထု

အကြင်ပုဂ္ဂိုလ်သည်
မက်မောမှုတွယ်တာမှုကိုပယ်၍ ရဟန်းပြု၏၊
ထိုစွဲလမ်းမှု တဏှာကုန်ပြီးသောပုဂ္ဂိုလ်ကို
မြင့်မြတ်သော အကျင့်ရှိသူ၊ မကောင်းမှုမှအပ ပြုပြီးသူဟု
ငါဘုရားဟော၏။

ဤဒေသနာတော်ကို ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌ ဇဋိလမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

ဓမ္မပဒအဋ္ဌကထာဆရာမြတ်သည် ဇဋိလမထေရ်၏အကြောင်းကိုဖော်ပြရာ၌ ဇောတိကသူဌေး၏ အကြောင်းနှင့် ဆက်စပ်နေသဖြင့် ဇောတိကသူဌေး၏ အကြောင်းကို ရှေးဦးစွာ မိန့်ဟဖော်ပြတော်မူပါသည်။

## ဇောတိကသူဌေးဝတ္ထုကြောင်းကားဤသို့တည်း

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သူကြွယ် ညီအစ်ကိုနှစ်ဦးတို့သည်ကြံခင်းကိုကြီးကျယ်စွာစိုက်ပျိုးကြ၏။

တနေ့တွင် ညီသူကြွယ်သည် ကြံခင်းမှအပြန် ကြံနှစ်ချောင်းကို ဖြတ်၍ထမ်းလာ၏။

တချောင်းကားအစ်ကိုအတွက်၊ တချောင်းကား မိမိအတွက်ဟု ရည်ရွယ်၍ ဖြတ်လာခြင်းဖြစ်၏။

ထိုခေတ်အခါက ကြံတို့သည် စက်ဖြင့် အရည်ညှစ်ရန်မလို၊ ကြံကိုအရင်းမှ ဖြတ်၍ မြှောက်ထားရုံနှင့်ကြံရည်တို့သည် အလိုလိုစီး၍ ကျသည်။

ကတိယအကြိမ်

WWW.DHAMMARANSI.COM



ကြံကို အရည်များထွက်မကျအောင် ကြံအရင်းတွင် အဝတ်စည်း၍ ယူလာခဲ့ရ၏။

## စေတနာကံ

လမ်းတွင် ပစ္စေကဗုဒ္ဓါတပါးကိုဖူးတွေ့ရ၏။

ပစ္စေကဗုဒ္ဓါအား မြင်လျှင်မြင်ချင်းသဒ္ဓါပွားများ၍ ကြံရည်လှူဒါန်းလိုစိတ်များ တဖွားဖွားပေါ်လာ၏။

ညီသူကြွယ်သည် ကုန်းမြင့်တွင်ပုဆိုးဖြူဖြူတထည်ကို ခင်းပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်အား သီတင်းသုံးပါရန် ပင့်လျှောက်၏။

အရှင်မြတ်သည် ပင့်လျှောက်သည်ကို သည်းခံတော်မူကာ ပုဆိုးအဖြူအခင်းပေါ်တွင်ကြွရောက်သီတင်းသုံးတော်မူ၏။

ညီသူကြွယ်သည် သပိတ်တော်ကိုယူပြီး အရင်း၌စည်းနှောင်ထားသည့် အဝတ်ကို ဖြေ၍ ကြံချောင်းကို သပိတ်အထက်မှ ထောင်ထား၏။

ကြံရည်တို့သည် အလိုလိုစီးကျကာ သပိတ်တလုံး ပြည့်၏။

ပစ္စေကဗုဒ္ဓါအရှင်သည် ကြံရည်ကို သုံးဆောင်တော်မူသော် များစွာဝမ်းမြောက်၍ နောက်ထပ် လှူဒါန်းလိုသော သဒ္ဓါတရား တိုးပွားလာပြန်၏။

"အစ်ကိုကြီးအတွက် ယူလာသောကြံကိုလှူမည်၊ မကျေနပ်လျှင် ကြံဖိုးကို ပေးမည်၊ ကုသိုလ်လိုချင်လျှင် ကုသိုလ်အဖို့ကို ပေးမည်"ဟု စဉ်းစား၍ အစ်ကိုအတွက် ကြံတချောင်းမှ ကြံရည်များကို သပိတ်တော်သို့ကျစေပြီး ဆက်ကပ်၏။

ပစ္စေကဗုဒ္ဓါအရှင်တို့အား ကပ်လှူလိုသဖြင့် ကြံရည်ကို မသုံးဆောင်ပဲ ထိုင်နေတော်မူ၏။

WWW.DHAMMARANSI.COM



သူကြွယ်သည် ရိပ်မိ၍ အရှင်မြတ်အား ငါးပါးသောထိခြင်းဖြင့် ရှိခိုးပြီးသော်-

ညီဖြစ်သူ ဆုတောင်းပုံ

"အရှင်မြတ်ဘုရား၊ ဤမွန်မြတ်သော အရသာရှိသည့် ကြံရည်ကို ပေးလှူရသော ကောင်းမှုကုသိုလ်၏ အကျိုးဆက် အာနိသင်ကြောင့် နတ်ပြည်လူ့ပြည်တို့၌ဖြစ်သော စည်းစိမ်ချမ်းသာကို အစဉ်ပျော်ပါးစံစားသုံးဆောင်၍ နောင်ခါကာလ၌ အရှင်ဘုရားတို့ သိမြင်အပ်သောတရားမြတ်ကို သိမြင်ပြီး နိဗ္ဗာန်မင်္ဂဖိုလ်ရောက်ရပါလို၏ အရှင်ဘုရား"

ပစ္စေကဗုဒ္ဓါ အရှင်သည်-

"အသင် ဆုတောင်းတိုင်း ပြည့်စုံစေသတည်း"ဟု အနုမောဒနာကို ပြုတော်မူကာ "ထိုသူကြွယ်သည်၊ မျက်ဝါးထင်ထင် တွေ့မြင်နိုင်စေသတည်း"ဟု အဓိဋ္ဌာန်ပြု၍ ကောင်းကင်ခရီးမှ ကြွသွား၏။

ညီသူကြွယ်သည် ကောင်းကင်ခရီးမှ ကြွသွားသော အရှင်ပစ္စေကဗုဒ္ဓါကို လက်အုပ်ချီ၍ ဖူးမြော်ယင်း ကြည်ညိုလျက်နေရာ၊ အရှင်ပစ္စေကဗုဒ္ဓါမှာ မျက်စိအောက်မှ ပျောက်မသွားပဲ ကောင်းကင်ပြင်သည် ဟာလာဟင်းလင်းအဖြစ်ဖြင့် ဂန္ဓမာဒနတောင်သို့ ရောက်သည်အထိ ဖူးတွေ့မြင်ရ၏။

ထိုမျှသာမက၊ မိမိလှူဒါန်းလိုက်သော ကြံရည် တသပိတ်သည် အရှင်ပစ္စေကဗုဒ္ဓါငါးရာတို့အား ခွဲဝေပေးလှူရာ အရှင်ပစ္စေကဗုဒ္ဓါ ငါးရာတို့သည် လုံလောက်စွာ ကြံရည်များ ဘုဉ်းပေးသုံးဆောင်ရသည်ကို လှိုက်လှဲ ဝမ်းမြောက်စွာ ဖူးတွေ့ရ၏။

WWW.DHAMMARANSI.COM



## အစ်ကိုကြီး၏ "အပြတ်" ဆုတောင်း

ညီသူကြွယ်သည် ဤသို့ ထူးခြားသော တန်ခိုးပြာဋိဟာကို မြင်၍ အစ်ကိုကြီးထံအပြေးသွားပြီး ဝမ်းမြောက် အားရစွာ အကြောင်းစုံကို ပြောကြား၏။

"အစ်ကိုကြီးသည် ကုသိုလ်ကို ယူလိုသော် ကုသိုလ်ကိုယူပါ မကျေနပ်သော် ကြံဖိုးကိုပေးပါမည်" ဟုပြော၏။

အစ်ကိုကြီးသည် မိမိ၏ ကြံရည် တသပိတ် အရှင်ပစ္စေက ဗုဒ္ဓါငါးရာတို့အား ပေးလှူခြင်းကို ဖူးတွေ့ရသည်ဟု ပြောသည့် အချိန်မှစ၍ အလွန်နှစ်သက်သောပီတိ၊ ဝမ်းမြောက်သောစိတ် ဖြင့်အရှင်ပစ္စေက ဗုဒ္ဓါများကို ရည်မှန်းလက်အုပ်ချီကာ ရှိခိုး ပြီးနောက်-

> "ထိုကောင်းမှုကြောင့် ငါသည် ပစ္စေကဗုဒ္ဓါအရှင်တို့ သိမြင်အပ်သော (တရားထူး တရားမြတ်ကိုသာလျှင်) ရရှိ သိမြင်သည် ဖြစ်ရပါလို၏"

ဟု တမျိုးတည်းသောဆုကိုသာ တောင်း၏။

ညီငယ်ကား လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ တည်းဟူသော သုံးပါးသောစည်းစိမ်ချမ်းသာတို့ကို ဆုတောင်း ခဲ့သည်ဖြစ်၏။

## သေန နှင့် အပရာဇိတ

ဝိပဿီဘုရား လက်ထက်တွင် ထိုသူကြွယ် ညီအစ်ကိုတို့သည် အသက်အတိုင်းနေ၍ စုတေကြလေသော် နတ်ပြည်၌ ဖြစ်၏။ ဝိပဿီဘုရား ပွင့်တော်မူသော အချိန်တွင် နတ်ပြည်မှ စုတေ ကြပြီး လူ့ပြည်၌ ညီအစ်ကိုနှစ်ဦးပင် ဖြစ်ကြကာ အစ်ကိုကြီး၏

WWW.DHAMMARANSI.COM


အမည်မှာ(သေန)ဟု ခေါ်၍ ညီငယ်အမည်မှာ (အပရာဇိတ) ဟု ခေါ်၏။

အရွယ်ရောက်ကြသော် ပစ္စည်းဥစ္စာ ချမ်းသာတိုးပွားကြ၏။ တနေ့တွင် ဓမ္မဃောသက(နှိုးဗွာန်ဆော်)က ကြွေးကြော်၏။

"လောက၌ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တို့သည် ဖြစ်ပေါ်နေ၏။ မြတ်နိုးပူဇော်ကြကုန်လော့၊ ကုသိုလ် ကောင်းမှု ပြုလုပ်ကြကုန်လော့၊ ယနေ့ကား ဥပုသ်နေ့ဖြစ်သည်။ ဥပုသ် စောင့်ကြကုန်လော့၊ တရားတော်ကို နာကြားကြကုန် လော့"

ဟု ရှစ်ရက် ဥပုသ်နေ့တိုင်း ကြွေးကြော်၏။

ထိုကြွေးကြော်သံကိုကြားလျှင် နံနက်တွင် အလှူပေး ဥပုသ် စောင့်၊ ညချမ်းတွင် တရားနာသွားကြသောသူတို့ကို တွေ့မြင်၍ သေနသူကြွယ်သည် တရားနာကြားရန် လိုက်ပါသွားသည်။

ထို့နောက် သဒ္ဓါတရား တက်ကြွ၍ ရဟန်းပြုရန် မြတ်စွာ ဘုရားထံ တောင်းပန်လျှောက်ထား၏။

ဝိပဿီမြတ်စွာဘုရားက-

"ခွင့်တောင်းထိုက်သူကို ခွင့်တောင်းပြီးမှ လာခဲ့ပေလော့" ဟု မိန့်တော်မူ၏။

အစ်ကိုကြီးဖြစ်သော သေနသူကြွယ်သည် ညီငယ်အား ဥစ္စာ ပစ္စည်းအလုံးစုံကို လွှဲအပ်၍ ရဟန်းပြုမည်ဟု ပြောဆို၏။ ညီငယ် က တောင်းပန်၏။

"ငါ့ကို ခွင့်ပြုလော့"ဟုပြောဆိုပြီး မြတ်စွာဘုရားထံရဟန်း ပြု၏၊ မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ဒုတိယအကြိမ်

WWW.DHAMMARANSI.COM





ဆုသုံးပါးကို တောင်းသည့် ညီ

ညီငယ် အပရာဇိတသူကြွယ်သည် အစ်ကိုရဟန်းပြုလျှင် ခုနစ်ရက် ပတ်လုံး အလှူကြီးပေး၏။

ထို့နောက် နောင်တော် မထေရ်ကို ရှိခိုးပြီး....

"အရှင်ဘုရား၊ အရှင်ဘုရားသည် ဘဝ၏လွတ်မြောက်ရာကို ပြုနိုင်ပေပြီ။အကျွန်ုပ်အား ကာမဂုဏ်တို့ ဖွဲ့ချည်ထား၍ ရဟန်း ပြုခြင်းငှာ မစွမ်းနိုင်ပါ။ နေအိမ်၌ နေလျက် ကြီးမြတ်သော ကုသိုလ်ပြုနိုင်ရန် မိန့်ကြားတော်မူပါ"ဟု လျှောက်၏။ထိုအခါ မထေရ်က....

"အို—ပညာရှိ၊ ကောင်းပေစွ၊ကောင်းပေစွ၊ မြတ်စွာဘုရား သီတင်းသုံးရန် ကုဋိကို ဆောက်လော့"ဟု မိန့်တော်မူ၏။

ထတိယအကြိမ်

WWW.DHAMMARANSI.COM



ညီအပရာဇိတ သူကြွယ်လည်း ခမ်းနားကြီးကျယ်သော ဂန္ဓကုဋိကို လှူဒါန်းရန်ဆောက်လုပ်လေ၏။

(ထိုညီဖြစ်သူ အပရာဇိတသူကြွယ်ကား ဇောတိကအလောင်းအလျာဖြစ်၏)

## တူတော်မောင်အပရာဇိတ

ထိုသူကြွယ်တွင် အပရာဇိတအမည်ဖြင့် တူတယောက်ရှိ၏။

ထိုတူတော်မောင် အပရာဇိတကား ဇဋိလသဋ္ဌေးအလောင်းအလျာဖြစ်၏။ တူဖြစ်သူက ဂန္ဓကုဋိကျောင်း ဆောက်ရာတွင် ပါဝင်လှူဒါန်းပါရစေဟု ဆို၏။

သူကြွယ်က "ငါတဦးတည်းသာ ဆောက်မည်"ဟု ဆို၏။

အကြိမ်ကြိမ် တောင်းပန်ပါသော်လည်း ကျောင်းအလှူတွင် ထည့်ဝင်ခွင့် မရသောကြောင့် ဂန္ဓကုဋိရှေ့မှ ဆင်ဝင်ဇရပ်တဆောင်ကို ရတနာခုနစ်ပါးတို့ဖြင့် အပြည့်စီခြယ်၍ ဆောက်လုပ်လေ၏။

ထိုတူငယ်ဖြစ်သော သူကြွယ်သည် ဂေါတမဘုရားလက်ထက်၌(ဇဋိလ)သဋ္ဌေးကြီး ဖြစ်လာ၏။

## ရတနာဖြင့်ပြီးသောကျောင်းတော်ကြီး

အပရာဇိတကျောင်းတော်ကြီးကား ရတနာခုနစ်ပါးတို့ဖြင့် တခဲနက် ပြည့်မျှဆောက်လုပ်ထား၏။

သူကြွယ်သည် ထိုမျှနှင့် အားမရသေး၊ ကျောင်း ပရိဝုဏ်အပြည့် ဒူးဆစ်မြုပ်သည်အထိ ရတနာခုနစ်ပါးတို့ဖြင့် ကြဲဖြန့်ထား၏။

ထထိယအဓမ္မိန်

WWW.DHAMMARANSI.COM



ဆောက်လုပ်ပြီးစီး၍ နေခင်တော်အား မြတ်စွာဘုရားကို ပင့်ပေးပါရန် လျှောက်ထား၏။

ဝိပဿီ မြတ်စွာဘုရားသည် ကျောင်းတော်သို့ ကြွလာပြီး တံခါးပေါက်ဘေး၌ ရပ်တည်နေတော်မူ၏။ ဂန္ဓကုဋိတိုက်သို့ ဝင်တော်မမူပဲ နေ၏။

ညီသူကြွယ်က ကြွဝင်တော်မူပါရန် သုံးကြိမ်တိုင် လျှောက်ထား၏။

သုံးကြိမ်မြောက် လျှောက်ထားသောအခါ ဘုရားရှင်သည် သူကြွယ်၏ နေခင်တော်မထေရ်ကို စောင်းငဲ့ကြည့်ရှုတော်မူ၏။

ထိုအခါ မထေရ်က ညီဖြစ်ခဲ့သောသူကြွယ်ကို....

"အမောင်ဒါယကာ-ဘုရားရှင်အား လျှောက်ထားလော့၊ ဤရတနာများသည် ဘုရားတပည့်တော်တို့၏ အစောင့်အရှောက်သာလျှင် ဖြစ်ပါမည်၊ အရှင်ဘုရားတို့သည် ချမ်းသာစွာ သီတင်းသုံးတော်မူပါဟု လျှောက်ထားလေလော့"ဟုသင်ပြ၏။

နေခင်တော်မထေရ် သင်ပြသည့်အတိုင်း သူကြွယ်သည်မြတ်စွာဘုရားကို လျှောက်ထား၏။ ထိုအခါမှ ဘုရားသခင်သည်ကြွဝင်တော်မူ၏။

(အဋ္ဌကထာဆရာမြတ်က မြတ်စွာဘုရား ဂန္ဓကုဋိသို့ကြွဝင်တော်မမူပဲနေသည့်အကြောင်းကို ဤသို့မိန့်တော်မူ၏။ မြတ်စွာဘုရားထံ နံနက်အခါ ညနေချမ်းအခါ များစွာသောသူတို့လာရောက်ကြသည်။ ထိုသူတို့သည်ကျောင်းဝင်းအတွင်းဒူးဆစ်မြုပ်မျှ ကြဲဖြန့်ထားသော ရတနာတို့ကို ယူဆောင်သွားသည် ရှိသော်တားမြစ်၍မသင့်၊ သူကြွယ်သည် ဤသို့ဒါယကာ၊ ဒါယိကာမတို့ရတနာများ ယူဆောင်သွားကြသည်ကို မြင်လျှင် ဘုရားရှင်ဆာ

WWW.DHAMMARANSI.COM



မတားမြစ်ကောင်းလား ဟု အလှူရှင်က ဘုရားသခင် အပေါ် စိတ်ကွက် ဖြစ်တင်မိသော် အလှူရှင်သည် အပါယ်သို့ကျရောက် ပေတော့မည်ဟု စိတ်အကြံတော် ဖြစ်သောကြောင့် ရပ်တန့်နေ တော်မူခြင်း ဖြစ်၏ဟု မိန့်တော်မူပါသည်။)

## ရတနာများ ယူလှည့်ကြ

သူကြွယ်သည် မိမိ၏အစေအပါးများအား မြို့တွင်းသို့လှည့် လည် ပြောကြားစေ၏။

"ဘုရားသခင်အား ဖူးမြော်ရန် တရားတော် နာကြားရန် လာရောက်ကြသော သူများသည် ကျောင်းပရိဝုဏ် အတွင်းရှိ ရတနာများမှ လက်တဆုပ်စာ လက်နှစ်ဆုပ်စာမျှသော ရတနာ တို့ကို ယူဆောင်နိုင်ကြသည်"ဟု ပြောကြားစေ၏။

အစောင့်အရှောက် များကိုလည်း "လက်တဆုပ်စာ လက် နှစ်ဆုပ်စာ ယူကြလျှင် မတားမြစ်ကြနှင့် တောင်းနှင့် အိတ်နှင့် သယ်ယူမှသာ တားမြစ်ကြလော့"ဟု မှာကြားထား၏။

(မြို့တွင်းသို့ လှည့်လည်ပြောကြားစေသည်မှာ မြတ်စွာဘုရား ၏ တရားတော်ကို မနာကြားဘူးသေးသူတို့ ရတနာလက်တဆုပ် စာ၊လက်နှစ်ဆုပ်စာ ရယူလို၍ လာရောက်ကြပြီး တရားတော်ကို နာကြားရလျှင် အကျွတ်တရား ရနိုင်ကြစေရန် ရည်ရွယ်၍ သူကြွယ်က ပြောကြားစေခြင်း ဖြစ်သည်ဟု အဋ္ဌကထာ ဆရာ မြတ်က မှတ်ချက်ပြု၏။)

လူအပေါင်းတို့သည် ကျောင်းတော်သို့လာ၍ တရားနာကြ ၏။ အပြန်တွင် ရတနာတို့ကို လက်တဆုပ်စီ ယူ၍ သွားကြ၏။

သူကြွယ်သည် သုံးကြိမ်တိုင်တိုင် သလုံးမြင်းခေါင်း (ဒူးဆစ်

WWW.DHAMMARANSI.COM






အထိ) ရတနာတို့ကို ထပ်မံဖြည့်တင်း ကြဲဖြန့်စေပြန်၏။
စေတနာတစက်မကွက်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။

2 (တတိယအကြိမ်)

WWW.DHAMMARANSI.COM



## လောဘကြီးသော ပုဏ္ဏား

မြတ်စွာဘုရား၏ ခြေတော်ရင်း၌ သခွားသီး ခန့်မျှရှိသော အဖိုး အတိုင်းမသိ ထိုက်တန်သော ပတ္တမြားကြီး တလုံးကို ထား၏။

မြတ်စွာဘုရား၏ ကိုယ်တော်မှထွက်သော ရွှေအဆင်းကဲ့သို့ သောရောင်ခြည်တော်နှင့် ပဏာရအောင် ထားခြင်းဖြစ်၏။

မြတ်စွာဘုရား၏ ကိုယ်ရောင်တော်မှထွက်သော ရွှေအဆင်း ကဲ့သို့သော ရောင်ခြည်တော်နှင့် ပတ္တမြားကြီးမှ ထွက်သော အရောင်တို့သည် ညီညွတ်လှသဖြင့် ကိုယ်တော်မြတ်ကို ဖူးမြင်ရသူ တိုင်း ပိုမို၍ ကြည်ညိုသဒ္ဓါပွားကြရ၏။

ဖူးမြော်၍မဝနိုင်အောင် ဖြစ်ကြရ၏။

တနေ့တွင် မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားတယောက်သည် ခြေတော်ရင်းမှ ပတ္တမြားရတနာကို ခိုးယူရန်ကြံစည်၏။

ပရိသတ်ကြားမှ ဝပ်တွား၍ တဖြည်းဖြည်း ရှေ့သို့တိုး၍ တိုး၍သွား၏။

အပရာဇိတသူကြွယ်သည် ပုဏ္ဏားကြီး ခိုးယူရန်သွားသည်ကို ရိပ်မိ၏။

"မခိုးယူပါစေနှင့်၊မခိုးယူပါစေနှင့်"ဟု စိတ်ထဲမှဆုတောင်း နေ၏။

"ပုဏ္ဏားသည် မြတ်စွာဘုရား၏ခြေတော်ရင်းသို့ ရောက်လျှင် မြတ်စွာဘုရားအား ဝပ်တွား ရှိခိုးဟန်ပြုပြီး ပတ္တမြားကြီးကို ပုဆိုးအောက်ပိုးကျိုက်အတွင်း သွင်းညှပ်၍ ယူသွား၏။

အပရာဇိတသူကြွယ် (ဇောတိကသဌေး အလောင်းအလျာ)

WWW.DHAMMARANSI.COM



သည် ပုဏ္ဏားကြီးအပေါ်၌ စိတ်ကိုကြည်လင်အောင် ထားသော်လည်း ထားမရဖြစ်နေ၏။

## ဇောတိကသဌေးအလောင်းဆုတောင်း

မြတ်စွာဘုရားတရားဟောပြီး၍ အပရာဇိတသူကြွယ် (ဇောတိကသဌေးလောင်း) သည်မြတ်စွာဘုရားထံချဉ်းကပ်၍....

"အရှင်မြတ်ဘုရား၊တပည့်တော်သည်ကျောင်းပရိဝုဏ်အပြည့်မျှ ရတနာကို ကြဲဖြန့်၍ ထားခဲ့ပါ၏။ လူအပေါင်းတို့ လက်တဆုပ်စာမျှ ယူငင်၍ သွားကြသည်ကို ကြည့်ပြီး တပည့်တော်သည်ဝမ်းမြောက်သဒ္ဓါကြည်လင်သည်သာဖြစ်ပါ၏။ သို့ကြောင့်

WWW.DHAMMARANSI.COM



လည်း တချည့်းတော့သည် သုံးကြိမ်တိုင်တိုင် သလုံးမြင်းခေါင်း (ဒူးဆစ်)အထိ ပြန်လည်ဖြည့်ထားခဲ့ပါသည်။ သဒ္ဓါကြည်လင် စိတ်သည် အမြဲမပြတ်ပွားများရပါ၏။ သို့သော်ယနေ့ ပတ္တမြား ယူသွားသော ပုဏ္ဏားအပေါ် စိတ်ကြည်လင်အောင် ကြိုးစား၍ ထားသော်လည်း စိတ်ကိုကြည်လင်အောင် ထားခြင်းငှာ မစွမ်း နိုင်ခဲ့ပါဘုရား။မယူနိုင်လျှင်ကောင်းစွာ့ဟု တောင့်တမိပါသည်" ဟု လျှောက်ထား၏။

မြတ်စွာဘုရားက....

"ဒါယကာ မိမိ၏ ဥစ္စာပစ္စည်းကို သူတပါးတို့မယူဆောင် နိုင်အောင် ပြုခြင်းငှာ တတ်နိုင်ကောင်းသည်မဟုတ်လော" ဟု မေး၏။

သူကြွယ်သည် သဘောပေါက်၏။ မြတ်စွာဘုရားကို ရှိခိုးပြီး

"ယနေ့မှအစပြု၍ နိဗ္ဗာန်သို့ မကူးမြောက် သေးမီ ကာလအတွင်း၌ ဘုရားတပည့်တော်၏ ဥစ္စာပစ္စည်းတို့ကို မြိဳ်ဆာ ချည်မျှင် တမျှင် မျှကိုပင် မင်းတို့သည် လည်းကောင်း၊ ခိုးသူ သည်လည်းကောင်း၊ ယူဆောင်ခြင်းငှာ မစွမ်း နိုင်ပါစေသတည်း။

တချည့်သော်၏ ပစ္စည်းများကို မီးသည် လည်း မလောင်နိုင်ပါစေသတည်း။ ရေသည် လည်း မလွှမ်းမိုး မမျှောချ နိုင်ပါစေသတည်း"

ဟု ဆုတောင်းပတ္ထနာပြု၏။ မြတ်စွာဘုရားက....

"ဒါယကာ တောင်းသည့်ဆုအတိုင်း ပြည့်စေလော့"ဟု အနုမောဒနာပြု၏။

ထတိယအကြိမ်

WWW.DHAMMARANSI.COM



## ဆုတောင်းတိုင်းပြည့်နိုင်ကြသည်

အပရဇိတ်သူကြွယ်သည် ဂန္ဓကုဋိတိုက် ကျောင်းတော်ကြီး ရေစက်ချပူဇော်ပွဲကို ခြောက်သန်း နှစ်သိန်းမျှရှိသော ရဟန်းတော်တို့အား ကိုးလတိုင်တိုင် အလှူကြီးပေးပြီး နောက်ဆုံးနေ့၌ ရဟန်းတပါးလျှင် တိစီဝရိတ် (သင်္ကန်းသုံးထည်)စီ ပေးလှူ၏။ အငယ်ဆုံးဖြစ်သော ရဟန်းတို့ ရရှိသည့် သင်္ကန်းသည်ပင် အဖိုး တသိန်းထိုက်၏။

(ဤတွင် ညီအစ်ကိုနှစ်ယောက်ဆုတောင်းပုံ ခြားနားချက်ကို အထူးပင် သတိပြုအပ်ပေသည်။)

## ဇောတိက သဌေးဘဝ ဇာတ်လမ်း

ထိုအပရာဇိတ သူကြွယ်သည် လူ့ပြည် နတ်ပြည်တို့၌ စည်းစိမ် ချမ်းသာ ခံစားစံစားယင်း ဂေါတမ ဘုရားရှင် လက်ထက်တော်တွင် ရာဇဂြိုဟ်ပြည် သဌေးတဦးအိမ်၌ ပဋိသန္ဓေတည်နေလေ၏။

ထိုသူငယ်မွေးဖွားသောနေ့တွင် တမြို့လုံးရှိလက်နက်တို့သည် အလျှံပြောင်ပြောင် အရောင်ထွက်ကြကုန်၏။

လူအပေါင်းတို့ကိုယ်၌ ဝတ်ဆင်ထားသော စိန်ရွှေရတနာတို့သည် အလိုလို ဝင်းလက်တောက်ပကြကုန်၏။

ရာဇဂြိုဟ် တမြို့လုံး တပြိုင်နက်တည်း အလင်းရောင်တို့ဖြင့် ထွန်းလင်းတောက်ပလေ၏။

## ဇောတိက အမည်ရခြင်း

သဌေးကြီးသည်ထိုနေ့နံနက်စောစော ... ညီလာခံတွင် ဘုရင်မင်းမြတ်က....

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

WWW.DHAMMARANSI.COM



"ယနေ့နံနက်စောစော ရာဇဂြိုဟ်ပြည်မြို့လုံးရှိ လက်နက်တို့သည်လည်းကောင်း၊ ဝတ်ဆင်ထားသော ရတနာတို့သည်လည်းကောင်း၊ အလျှံတလက်လက် ထွန်းလင်းတောက်ပကြသည်ကို သိကြပါ၏လော"

"မှန်လှပါ၊ သိမြင်တွေ့ရှိကြောင်းပါ ဘုရား"

"မည်သို့သောအကြောင်းကြောင့်ဖြစ်သည်ဟုသင်တို့ထင်ကြသနည်း"

ထိုအခါ သဒ္ဒေးကြီးက....

"ဘုရင်မင်းတရားကြီးဘုရား၊ ယနေ့နံနက် အကျွန်ုပ် အိမ်၌ သားတယောက် မွေးဖွားပါ၏။ ထိုသားငယ် မွေးဖွားသည်နှင့် တပြိုင်နက် လက်နက်တို့သည် လည်းကောင်း၊ ရတနာတို့သည် လည်းကောင်း တချက်တည်းတပြိုင်နက် အလျှံထွက်၍တောက်ပကြပါသည်။ ထိုသူငယ်၏ အာနုဘော်ကြောင့်သာလျှင် ဖြစ်မည်ထင်ပါသည်ဘုရား"

"ဘယ်လိုအကြောင်းနည်း၊ ထိုသူငယ်သည် ခိုးသူလူဆိုး ဖြစ်မည်လော"

"မှန်လှပါ၊ ထိုသူငယ်၏ ရှေးက ပြုခဲ့သော ကောင်းမှုကံကြောင့်ပင် ဖြစ်ပါလိမ့်မည်"ဟု လျှောက်ထား၏။

ထိုအခါ ဘုရင်မင်းမြတ်သည်နှစ်ထောင်းအားရ ဝမ်းမြောက်တော်မူလှသဖြင့်....

"ကောင်းလှပေပြီ၊ ထိုသူငယ်ကို ကောင်းစွာ စောင့်ရှောက်မွေးမြူကြလော့၊ ထိုသူငယ်အတွက် နေ့တိုင်းနေ့တိုင်း အသပြာတထောင်ကျစီ နို့ဖိုးအဖြစ် ထုတ်ပေးစေ"ဟု ချီးမြှင့်မြောက်စားတော်မူ၏။

WWW.DHAMMARANSI.COM





ထိုသူငယ်ကို အမည်မှည့်ရန်မင်္ဂလာပွဲ ကျင်းပသော နေ့၌လည်း တဖန်တမြို့လုံး အလျှံပြောင်ပြောင် ဝင်းလက် တောက်ပနေသောကြောင့်(ဇောတိက)ဟူ၍ အမည်ပေးလိုက်၏။

ရှေးကုသိုလ်ကံ သိကြားဖန်

ဇောတိကအရွယ်ရောက်လျှင် ဇောတိကအတွက် ဖခင်သဌေးကြီးက သီးသန့်နေအိမ်ကို ဆောက်လုပ်ရန် မြေနေရာကို ရှင်းစေ၏။

သိကြားမင်းသိလျှင် မနေသာ၍ ဤမြေသည် ဇောတိကအတွက် မသင့်လျော်သေးချေဟုသိကြားမင်းသည် လက်သမားယောင်ဆောင်ပြီး သဌေးကြီးအား ကျနေရာသည် ဇောတိက

WWW.DHAMMARANSI.COM



အတွက် နေလောက်မည်မဟုတ်ဘု တဆယ့်ခြောက်မင်း ပယ်ရှိသော မြေနေရာသို့ ညွှန်ပြ၏။

သိကြားမင်း ညွှန်ပြရာမြေသည် သန့်ပြန့်၏၊ ညီညွတ်၏။ ထို့ကြောင့် သင်္ချေးကြီးသည် ကြိုက်နှစ်သက်၏။

သိကြားမင်း ညွှန်ပြရာမြေနေရာတွင်မြေကိုတိုင်း၍ တူးနေကြစဉ် မြေကြီးကိုဖောက်ခွဲ၍ ရတနာခုနစ်ပါးဖြင့်အတိပြီးသော ဘုံခုနစ်ဆင့်ရှိသည့် ပြာသာဒ်ကြီး ပေါ်ပေါက်လာ၏။

ထိုပြာသာဒ်ကြီးကိုတံတိုင်းခုနစ်ထပ်ဝန်းရံ၍ပေါ်ပေါက်၏။

ထိုတံတိုင်းတို့၏ အဆုံးစွန်၌ ဒေသာပင်တို့သည် ပေါ်ပေါက်ကုန်၏။

ပြာသာဒ်၏ ထောင့်လေးခု၌ ရွှေအိုးကြီးလေးလုံး ပေါ်၏။ ထိုရွှေအိုးကြီးအနီး၌ ထန်းပင်ပျိုလုံး ပမာဏရှိသော ကြံချောင်းကြီးလေးချောင်းတို့ ပေါ်ကြ၏။

ထိုကြံချောင်းတို့သည် ရွှေအတိဖြင့်ပြီး၏။ အရွက်တို့သည် ပတ္တမြားဖြင့် ပြီးကုန်၏။

ရှေး၌ဖြစ်သော ကောင်းမှုကံကို သက်သေပြရန် ဤကြံပင်တို့သည် ပေါ်ပေါက်ခြင်းဖြစ်၏။

တံခါးမုခ်ခုနစ်ခုမှ ဘီလူးခုနစ်ယောက်

တံတိုင်းခုနစ်ထပ်တွင် တံခါးမုခ် ခုနစ်ခုတို့၌ ဘီလူး ခုနစ်ယောက်တို့ အခြံအရံများနှင့် စောင့်ရှောက်ရန် သိကြားမင်းသည် တာဝန်ပေး၏။

ထိုတံတိုင်းကြီး ခုနစ်ထပ်တို့သည် ရတနာ ခုနစ်ပါးဖြင့် ဆောက်လုပ်ထား၏။

ရွှေအိုးကြီးတို့သည် ပထမတလုံးမှာ တယူဇနာ ရှိ၏။

WWW.DHAMMARANSI.COM



နောက်တလုံးသည် သုံးဂါဝုတ်ရှိ၏။
နောက်တလုံးသည် ယူဇနာဝက်ရှိ၏။
နောက်တလုံးသည် တဂါဝုတ်ရှိ၏။

ဤသို့လျှင် ပြာသာဒ် အတွင်းအပြင်တို့၌ မြဲစွာသောအစောင့်အရှောက်သည် ဖြစ်၏။

ဗိမ္ဗိသာရမင်းကြီးက သဌေးဘွဲ့ပေးခြင်း

ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီးသည် ဇောတိက၏ ရတနာခုနစ်ပါးဖြင့်ပြီးသော ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါက်၍လာခြင်းကိုသည်းကောင်း၊ တံတိုင်း ခုနစ်ထပ် ပေါ်ပေါက်ခြင်းကိုလည်းကောင်း၊တံခါးမုခ်ခုနစ်ထပ်တွင် အစောင့်အရှောက် ဘီလူးများပေါ်ပေါက်ခြင်းကိုလည်းကောင်း၊ရွှေအိုးကြီးလေးလုံးဖြင့် ရွှေကြာပင်ကြီးများ ပေါ်ပေါက်ခြင်းကို လည်းကောင်း ကြား၍ သဌေးတို့၏ အဆောင်အယောင်ထီးကို ပို့စေ၏။

ဇောတိကသည် သဌေးဘွဲ့ကို ရလေသည်။

မြောက်ကျွန်းသူ အတုလကာရီ

ဇောတိကသဌေးနှင့် ကောင်းမှုပြုဘက်ဖြစ်သော မိန်းမသည် ဥတ္တရကုရု မြောက်ကျွန်း၌ ဖြစ်၏။

ထိုအခါ နတ်တို့သည် မြောက်ကျွန်းမှဆောင်ယူခဲ့၍ဇောတိကသဌေး၏ ကျက်သရေ ရှိသော တိုက်ခန်း၌ လာရောက် ပို့ဆောင်၏။

သဌေးကတော်သည် မြောက်ကျွန်းမှ တကွမ်းစား(တပြည်) သော ဆန်ကိုလည်းကောင်း၊ ဇောတိပါသာဏ အမည်ရှိသော ပတ္တမြား ဖိုခနောက်သုံးလုံး ကိုလည်း ကောင်းယူဆောင်လာခဲ့၏။

WWW.DHAMMARANSI.COM



သငှေးမောင်နှံတို့၏ အသက်ထက်ဆုံးတကွမ်းစား(တပြည်) ဆန်ဖြင့်သာ ချက်အပ်သော စားတော်ထမင်းသည် ဖြစ်၏။

စင်စစ်အားဖြင့် ထိုသငှေးမောင်နှံ နှစ်ယောက်တို့က လှည်း အစီး တရာတွင် ဆန်ဖြင့် ပြည့်စေလိုက ထိုဘကွမ်းစား(တပြည်) ဆန်ပင်လျှင် လှည်း အစီးတရာ တင်လောက်အောင် ဖြစ်ပေါ် နိုင်၏။

## မြောက်ကျွန်းသူ ထမင်းအိုး

ထမင်းချက်သည့်အခါ ဆန်ကိုထမင်းအိုး၌ထည့်၍ ပတ္တမြား ဖိုခနောက်သုံးလုံးပေါ်တွင် တင်ကာမျှနှင့် ဖိုခနောက် သုံးလုံးမှ အလျှံထွက်ပြီး ထမင်းကျက်သည်နှင့် အလိုလိုငြိမ်း၏။

ဟင်းလျာ ချက်သော အခါ၌လည်း ဤနည်းအတိုင်းပင် ဖြစ်၏။

ထိုသငှေးတို့ စားတော်ခေါ်သမျှသည် (ဇောတိပါသာဏ) မည်သော ပတ္တမြားကျောက်ဖြင့်သာ ချက်၏။

နေထိုင်သော အခါ ပတ္တမြားကျောက် အရောင်ဖြင့်သာ နေကြ၏။

မြောက်ကျွန်းသူသည် မီးကိုလည်း မသိ၊ ဆီမီးကိုလည်းမသိ။

မီး၊ ဆီမီးတို့၏ အရောင်ကိုလည်း မသိကြကုန်။

ဇောတိက သငှေးသည် ဤသို့လျှင် စည်းစိမ် ချမ်းသာနှင့် ပြည့်စုံ၏။

ဤသတင်းသည် ဇမ္ဗူဒိပါကျွန်းအလုံး ထင်ရှားသိကြ၏။

လူအပေါင်းတို့သည် လှည်းယာဉ် စသည်တို့ဖြင့် ဇောတိက ပြာသာဒ်သို့ လာရောက်ကြည့်ရှုကြ၏။

ဒုတိယအကြိမ်

WWW.DHAMMARANSI.COM





လာလာသမျှကို မြောက်ကျွန်းမှ ပါလာသော ဆန်တကွမ်းစားဖြင့် ချက်၍ ကျွေး၏။ လာလာသမျှ လူအပေါင်းကို ကျွေးသော်လည်း မြောက်ကျွန်းသူ ထမင်းအိုးသည် လျော့၍ မသွား၊ ပြည့်မြဲတိုင်း ပြည့်၏။

ဇောတိက၏ အလှူတော်

ဇောတိကသင်္ဌေးသည် "ပဒေသာပင်မှ ပေါ်ပေါက်လာသော အဝတ်ပုဆိုးတို့ကို ယူကြကုန်လော့၊ အဆင်တန်ဆာတို့ကို ယူကြကုန်လော့" ဟု စေခိုင်း၏။

တဂါဝုတ်ရှိသော ရွှေအိုးကြီး၏ အဝကို ဖွင့်ပြီး.... "အသက်မွေးလောက်အောင် ယူကြကုန်လော့" ဟု စေခိုင်း၏။

တဝိ: ယ အကြိမ်

WWW.DHAMMARANSI.COM



ဇမ္ဗူဒိပ်ကျွန်းသူ ကျွန်းသားတို့ ရွှေအိုးကြီးမှနှိုက်ယူသော်လည်း ရွှေအိုး၌ လက်တဆစ်မျှ ယုတ်လျော့ခြင်းမဖြစ်။

(သို့ဇောတိက သဌေး၏ ဤသို့ ပြည့်စုံခြင်းသည် ဂန္ဓကုဋိပရိဝုဏ်၌ ရတနာ့ခုနစ်ပါးကို ဒူးဆစ်မြုပ်အောင်ကြဲဖြန့်၍ လှူခဲ့သော အကျိုးဆက်ဖြစ်သတည်း)

ဗိမ္ဗိသာရမင်းကြီး လာရောက်ကြည့်ရှုခြင်း

ဤသို့ပင် ဇမ္ဗူဒိပ်ကျွန်းမှ လာရောက်ကြည့်ရှုသူတို့ အဝတ်တန်ဆာနှင့် ရွှေအိုးမှ ရွှေတို့ကိုယူ၍ သွားကြပြီးနောက် တဖြည်းဖြည်း ပရိသတ် စဲလေလျှင် ဗိမ္ဗိသာရမင်းကြီးသည် ဇောတိကသဌေး၏ ဖခင်သဌေးကို....

"သင်၏ သားဖြစ်သော ဇောတိက သဌေး၏ ပြာသာဒ်ကို ကြွရောက် ကြည့်ရှုလိုသည်"ဟု ပြော၏။ ဖခင် သဌေးသည် သား ဇောတိကသဌေးအား အကြောင်းကြား၏။

ဇောတိက သဌေးသည် "ကြွရောက်တော်မူပါ"ဟု ဖိတ်ကြား၏။

ဗိမ္ဗိသာရမင်းကြီးသည် ကြွလာတော်မူ၏။

ပထမ တံခါး၌ ဇောတိက သဌေး၏ တံမြက်လှည်းသော ကျွန်မသည် ဗိမ္ဗိသာရမင်းကြီးအား ခရီးဦးကြိုပြု၍လက်ကမ်း၏။

မင်းကြီးသည် သဌေးကတော် ထင်မှတ်၍ လက်မကမ်းမိပဲ ရှိ၏။

တံခါးမှုခ် ခုနစ်မုခ်တိုင်အောင် ရှိသော ကျွန်မတို့ကို သဌေးကတော်ဟုပင် ထင်မှတ်နေ၏။

WWW.DHAMMARANSI.COM



ဇောတိကသသဌေးသည် မင်းကြီးကို ခရီးဦးကြိုဆို၍ ရိုသေစွာ ရှိခိုးပြီး မင်းကြီးနောက်က လိုက်၍-

"အရှင်မင်းကြီး ရှေ့ကကြွတော်မူပါ"ဟု လျှောက်၏။

မင်းကြီးသည် ပတ္တမြားရောင် တောက်ပသော မြေကြီးကို နက်လှစွာသော တွင်းကြီးဟု ထင်၍ ...

"ဤဇောတိကသည် ငါ့ကို ဖမ်းရန် တွင်းတူး၍ထားသည်" ဟု ထင်ပြီး ခြေကို မလှမ်းရဲ ဖြစ်နေ၏။

ဇောတိကသဌေးသည် မင်းကြီးက (တွင်းကြီး)ထင်မှတ်၍ ခြေမလှမ်းရဲသည်ကို မြင်သဖြင့်....

"အရှင်မင်းမြတ် ဤနေရာမှာ "တွင်း"မဟုတ်ပါ၊ ကျွန်တော်မျိုး၏ နောက်က ကြွတော်မူပါ"

ဟု လျှောက်တင်၍ ရှေ့က သွား၏။

မင်းကြီးသည် နောက်မှ ခြေပြင်ကိုနင်း၍သွားယင်းပြာသာဒ်ကို မော့ကြည့်ရှုစားလျက်ပင် သွား၏။

## အဇာတသတ်ငယ်၏ စိတ်အကြံ

ထိုအခါ၌ အဇာတသတ် မင်းသားငယ်သည် ဖခင်၏လက်ကို ဆွဲလျက် လိုက်ပါလာယင်း—

"ခမည်းတော်သည် အလွန်မိုက်လှ၏။ သဌေးမှာ ရတနာ ခုနစ်ပါးနှင့် ပြီးသော ပြာသာဒ်၌နေရပြီး ငါ၏အဖသည် မင်းဖြစ်လျက် သစ်သားနန်းတော်ဖြင့်သာ နေရ၏။ ငါသာ ယခုမင်း ဖြစ်ပါက ဤဇောတိကသဌေးအား ဤပြာသာဒ်၌နေခွင့်မပေး" ဟု ကြံစည်စဉ်းစားယင်း လိုက်ပါလာ၏။

WWW.DHAMMARANSI.COM



တတိယအကြိမ်

WWW.DHAMMARANSI.COM



## ထမင်းမှတ်လို့ စားမိပါ

မင်းကြီးသည် ပြာသာဒ်၏ လှေကားအထပ်ထပ်ကို တက်စဉ် ပင် နံနက်စာ ပွဲတော်တည်ချိန် ရောက်လာ၏။

မင်းကြီးသည် ဇောတိကသဌေးအား ဤအိမ်၌ပင် နံနက်စာ ပွဲတော်တည်မည်ဟု မိန့်တော်မူ၏။

ဇောတိက သဌေးက....

"အရှင်မင်းမြတ်အတွက် အသင့်စီစဉ်ပြီးပါပြီ"ဟု လျှောက် တင်၏။

ဇောတိကသဌေးသည် မင်းကြီးအား ၁၆ ဆယ့်ခြောက်လုံး မျှသော နံ့သာရေအိုးတို့ဖြင့် ရေချိုးရန် စီစဉ်ပေး၏။

ရေချိုးပြီးလျှင် သဌေး၏ ညှော်ခန်း၌ မင်းကြီးအား ပင့် ဆောင်လာ၏။

သဌေး၏ ညှော်ခန်းသည်လည်း ရတနာ ခုနစ်ပါး တို့ဖြင့် အပြည့်စီခြယ်၍ ထား၏။

သဌေးထိုင်သည့် ပလ္လင်ထက်သို့ မင်းကြီးအား နေစေ၏။

ထိုနောက် မင်းကြီးကို လက်ဆေးရန်အတွက် အဖိုးတသိန်း ထိုက်သောရွှေခွက်၌ အငွေ့ တထောင်းထောင်း ပျော့ပျောင်း သော ဂဏှာနို့ထမင်းကို ခူး၍ ရွှေမှထား၏။

မင်းကြီးသည် စားတော်ထမင်းဟုထင်၍ စားရန်ပြင်ဆင်၏။

သဌေးက စားတော်ထမင်း မဟုတ်ပါ၊ နို့ထမင်းပျော့ပျော့ ဖြစ်ပါသည်ဟု လျှောက်၏။

ထိုခွက်မှ တက်သောအငွေ့ဖြင့် စားတော်ထမင်းကိုစားလျှင် ချမ်းသာခြင်းဖြစ်ပါလိမ့်မည်။

တထိသအကြွမ်

WWW.DHAMMARANSI.COM



ထိုနောက် အခြားသော ရွှေခွက်၌ စားတော်ထမင်းကိုထည့်၍ မင်းကြီးအားရှေ့၌ချထား၏။

မင်းကြီးသည် မွန်မြတ်သော အရသာရှိသောထမင်းဟင်းတို့ကိုစားလေလျှင် အရသာရှိလှသဖြင့်ပို၍စား၏။

ထိုအခါ သဌေးကလက်အုပ်ချီ၍....

"အရှင်မင်းကြီး....ဤမျှသာဘုဉ်းပေးတော်မူပါ" ဟုလျှောက်၏။

ထိုအခါမင်းကြီးက....

"သဌေး.... အဘယ်ကြောင့် ဤထမင်းကို အလေးအမြတ်ထားပြီး ပြောရသနည်း"ဟုမေး၏။

"အရှင်မင်းကြီး....ဤထမင်း၌အလေးအမြတ်ပြုကာကုန်မည်စိုး၍ပြောခြင်းမဟုတ်ပါ၊ အရှင်မင်းကြီး၏ပါရှိလာသော အခြွေအရံအပေါင်းတို့ကိုလည်းဤထမင်းဤဟင်းနှင့်ပင် ကျွေးပါ၏။ နောင်အခါ ကျွန်တော်မျိုးကို အပြစ်တင်စရာ ဖြစ်မည်စိုး၍ တားမြစ်လျှောက်ထားခြင်းဖြစ်ပါသည်။"

"အဘယ်ကြောင့် သင့်တွင်အပြစ်တင်စရာဖြစ်မည်နည်း"ဟု ပြော၏။

"အရှင်မင်းကြီး.... ဤထမင်းကို များစွာ စားသောက်သော်အဆီအဆိမ့်များ၍ အရှင်မင်းကြီး၌ လေးလံထိုင်းမှိုင်းခြင်း ဖြစ်ခဲ့သည်ရှိသော် မင်းကြီးသည် မနေ့က သဌေးအိမ်၌ ထမင်းကိုစားပြီး ဤသို့ထိုင်းမှိုင်းလေးလံခြင်း ဖြစ်ရသည်၊ သဌေးသည် ငါ့ကိုတစုံတခု ပြုလိုက်သည် ဖြစ်ပေလိမ့်မည်ဟု အရှင်မင်းကြီး ပြောဆိုမည်ကို ကြောက်လှပါ၏။"

WWW.DHAMMARANSI.COM



ဤသို့လျှောက်တင်ပြီး အစေအပါးတို့အား စားတော်ပွဲကို သိမ်းစေ၏။

မင်းကြီး စားတော်ခေါ်ပြီးသောအခါ မင်းကြီး၏အခြံအရံအားလုံးကို ဤထမင်း ဤဟင်းဖြင့်သာ ညှော်ခံကျွေးမွေး၏။

## မြောက်ကျွန်းသူကိုတွေ့ချင်သည်

မင်းကြီးသည် ဇောတိကသဌေးနှင့် စကားပြောဆိုကြပြီး သဌေးကတော်ကို မမြင်၍ မေး၏။

ဇောတိကသဌေးက "အဆောင်တွင်း၌ ရှိနေပါသည်၊ ကြွတော်မူပါ"ဟု မြောက်ကျွန်းသူ၏ အဆောင်သို့ ခေါ်ဆောင်သွားပြီး သဌေးကတော်အား မင်းကြီး ရောက်လာကြောင်းအကြောင်းကြားပြီး မင်းကြီးအား ထမ်းရွက်ယပ်ဖြင့် ယပ်ခတ်စေ၏။

သဌေးကတော်သည် ဇောတိက သဌေးပြောသည့်အတိုင်း မင်းကြီးကို အနီးမှယပ်ခတ်၍ပေးနေစဉ် မင်းကြီး၏ ဖောင်းတော်မှ ယပ်ဖြင့်သယ်ဆောင်လာသော လေသည် မျက်စိတွင်းသို့ ဝင်လေ၏။

သဌေးကတော်သည် မျက်စိကျိန်းစပ်သွားပြီး မျက်ရည်ပူများကျလာ၏။

ထိုအခါ မင်းကြီးက....

"သဌေး၊ သင်၏ သဌေးကတော်သည် စဉ်းစားဉာဏ်နည်းလှချေ၏။ ငါကြွလာသည်ကို သင်တို့၏ ပစ္စည်းဥစ္စာများ သိမ်းဆည်းရန်လာသည်ဟု ထင်ပြီး ငိုကြွေးနေ၏။ သင်၏သဌေးမကို ရှင်းပြ ချော့မော့ပါ"ဟု ဆို၏။

WWW.DHAMMARANSI.COM


"သဌေးမသည် ငိုခြင်းမဟုတ်ပါ"

"သို့ဖြစ်လျှင် အဘယ်ကြောင့် မျက်ရည်ကျသနည်း"

"အရှင်မင်းကြီး၊ ဤမြောက်ကျွန်းသူ အတုလကာရိသည် မီးဟူသည်လည်းမသိ၊ ဆီမီးဟူသည်လည်းမသိ၊ အဆောင်တွင်း၌ ပတ္တမြားအရောင်ဖြင့်သာ နေပါသည်၊ ဆီမီးဖြင့်နေသော အရှင်မင်းကြီး၏ ဖောင်းတော်မှ အပူရှိန်သည် မျက်စိတွင်းသို့ ဝင်၍ မျက်ရည်ကျခြင်းဖြစ်ပါသည်"

ဟု လျှောက်ထားပြီးနောက်-

"အရှင်မင်းကြီး....ယနေ့မှစ၍ ပတ္တမြား၏ အလင်းရောင်ဖြင့်သာ နေတော်မူပါ၊ ဆီမီးထွန်းညှိရန်မလိုအောင် ဤပတ္တမြားဖြင့် မင်းကြီး၏ အဆောင်တွင်းသို့ ထွန်းလင်းပါစေတော့"ဟု သခွားသီးပမာဏရှိသည့် အဖိုးမဖြတ်နိုင်သော ပတ္တမြားလုံးကြီးကို ပေး၏။

မင်းကြီးသည် ဇောတိက သဌေး၏အိမ်ကို လှည့်လည်ကြည့်ပြီး ဇောတိက သဌေး၏ စည်းစိမ်ချမ်းသာသည် ကြီးကျယ်လေစွတကားဟု ချီးမွမ်း၍ နန်းတော်သို့ ပြန်သွား၏။

(ဤကား ဇောတိက သဌေး၏ ဇာတ်လမ်းအစတည်း)

※ ※ ※

WWW.DHAMMARANSI.COM



# ဇဂိုလသဒ္ဒေး၏ ရှေးဘဝ

တတိယအကြိမ်

WWW.DHAMMARANSI.COM

ရှေးဘဝ

# ဇာဂ္ဂိလသင်္ဌေး၏ ဇာတ်ကြောင်းဝတ္ထု

## ဝိဇ္ဇာခိုရ်နှင့် သဌေးသမီး

ဗာရာဏသီပြည်၌ သဌေးကြီး တယောက်၏ သမီးသည် အလွန်အဆင်းလှ၏။ သဌေးကြီးသည် သမီးအား ဘုံခုနစ်ဆင့်၌ အခြွေအရံတယောက်ဖြင့် နေစေ၏။

တနေ့တွင် သဌေးသမီးသည် ဘုံခုနစ်ဆင့်ရှိ လေသာပြတင်းမှ ထွက်၍ ရှုမျှော်သည်ရှိသော် ကောင်းကင်ခရီးဖြင့် လာသော ဝိဇ္ဇာခိုရ်ယောကျ်ားသည် ပြတင်း၌ရပ်နေသောသဌေးသမီးကို မြင်၍ ချစ်ခြင်းမေတ္တာဖြစ်ပြီး ထိုပြတင်းပေါက်မှဝင်၍ သဌေး သမီးနှင့် ချစ်တင်းနှော၊ကြ၏။

ဤသို့ပင်ကောင်းကင်ခရီးမှ ဝိဇ္ဇာခိုရ်သည် မကြာခဏလာ၍ သဌေးသမီးနှင့်ချစ်တင်းနှောကြယင်းမှ သဌေးသမီးသည် ကိုယ် ဝန်ရှိလာ၏။

ကိုယ်ဝန်ရင့်မာလာလျှင် သဌေးသမီး၏အစောင့်အရှောက် မိန်းမသည် အလန့်တကြားပင် ဤကိုယ်ဝန်မှာ အဘယ်သို့ပေါ ပေါက်လာသနည်းဟု စစ်မေး၏။

သဌေးသမီးက အဖြစ်အပျက်ကို ပြောပြ၍ ကိုယ်ဝန်ရှိ ကြောင်း မည်သူ့ကိုမျှ မသိပါစေနှင့်ဟု ပြောသည်ရှိသော် သဌေးသမီး၏ တယောက်တည်းသော အခြွေအရံသည် မိမိမှာ လည်း အပြစ်ရှိနေပြီဖြစ်၍ မည်သူ့ကိုမျှ မပြောပဲနေ၏။

တတိယအကြိမ်

WWW.DHAMMARANSI.COM



ဆယ်လ စေ့သောအခါ သားယောကျ်ားကလေး ဖွား၍ ထိုကလေးကို အိုးသစ်၌ထည့်ပြီး အိုးပေါ်၌ ပန်းခိုင် ပန်းပွင့်တို့ကိုထားပြီး ဂင်္ဂါမြစ်၌မျှောချလော့၊ သူတပါးမြင်၍မေးလျှင် ငါတို့သခင်မ နတ်ပူဇော်သော ကိစ္စဟု ပြောလေလော့၊ ဤသို့မှာထား၍ အိုးကို ဂင်္ဂါမြစ်၌ မျှောချလိုက်၏။



## ကလေးလုပွဲကြီး

ဂင်္ဂါမြစ်၏ အောက်ဆိပ်၌ မိန်းမနှစ်ယောက်တို့သည် ရေချိုးနေကြသည်။

ဂင်္ဂါမြစ် အထက်မှ အိုးတလုံး မျှောလာသည်ကို မိန်းမတယောက်က "ဟိုမှာငါ့အိုး"ဟု ဦးအောင် အော်လိုက်၏။

WWW.DHAMMARANSI.COM



အခြားမိန်းမတယောက်က "အထဲကပစ္စည်း ငါ့ပစ္စည်း"ဟု တမျိုးဦးလိုက်ပြန်၏။

အိုးရောက်လာလျှင် အိုးကိုကမ်းပေါ်သို့ယူပြီး ပန်းခိုင်တို့ကို ဖယ်၍ကြည့်လျှင် ချစ်စရာကလေးငယ်ကို မြင်သဖြင့် ထိုမိန်းမ နှစ်ယောက်တို့သည် ကလေးလုပွဲကြီးဖြစ်ပြီး တရားရုံးသို့ ရောက်ကြ၏။

အမတ်တို့သည် အိုးပိုင်သူနှင့် အတွင်းက ပစ္စည်းပိုင်သူနှစ်ဦး တို့အတွက် မည်သို့ဆုံးဖြတ်ရမည်ကိုမသိသဖြင့် ဘုရင်မင်းမြတ်ထံ ပို့ကြ၏။

ဘုရင်မင်းမြတ်သည် ထိုမိန်းမတို့၏ နှစ်ဘက်သော စကားကို ကြားနာပြီး အိုးပိုင်သူက အိုးကိုယူ၊ အတွင်းပစ္စည်း ပိုင်သူက ကလေးငယ်ကိုယူဟု ဆုံးဖြတ်လိုက်၏။

အရှင်ကစ္စည်းမထေရ်ထံ အပ်နှံခြင်း

ထိုကလေးငယ်သည် ဖွားသောနေ့၌ ကိုယ်ဝန်အညစ် အကြေးကို မဆေးကြော၊ ရေမချိုးရသည် ဖြစ်သော ကြောင့် ဆံပင်တို့သည် တွန့်လိပ်ကုန်သည်ဖြစ်၍ 'ဇဋိလ' ဟု အမည်ပေး၏။

ထိုကလေးကို ရသောမိန်းမသည် အရှင်ကစ္စည်း မထေရ်ကို ကိုးကွယ်သည့် ဒါယိကာမဖြစ်၏။

ထိုသူငယ် ခြေဖြင့် သွားလာနိုင်သောအရွယ်၌ အရှင်ကစ္စည်း မထေရ်သည် ဗာရာဏသီပြည်သို့ကြွလာပြီး ထိုအိမ်သို့ ဆွမ်းခံရန် ရောက်လာသည်။

ထိုမိန်းမသည် မထေရ်ကို အိမ်ပေါ်သို့ ပင့်ဆောင်ပြီး ဆွမ်း ခဲဖွယ်တို့ကို လှူ၏။

WWW.DHAMMARANSI.COM



မထေရ်သည် သူငယ်ကိုမြင်၏။

ဒါယိကာမဂ-

"အရှင်ဘုရား၊ ဤကလေးကို ရှေးဘုန်းရှေးကံကြောင့် ကိုယ်တိုင်မမွေးရပဲ ရခဲ့ပါသည်၊ ထိုသူငယ်ကို ရှင်သာမဏေအဖြစ် ပြုပေးတော်မူပါ"ဟု လျှောက်၍ အပ်နှံ၏။

မထေရ်သည် "ကောင်းပြီ"ဟု ထိုသူငယ်ကို ခေါ်သွား၏။ သူငယ်၏ ရှေးဘဝကောင်းမှုကံတို့ကို ဆင်ခြင် ကြည့်ရှုရာတွင် ဤသူငယ်၌ ရှေးကပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်ကံ တို့သည် ရှိနေ၏။ ကြီးကျယ်သောစည်းစိမ်ချမ်းသာကိုခံစားပြီးမှ ရဟန်းအဖြစ်သို့ ရောက်လိမ့်မည်ဟု မြင်တော်မူ၏။

ထိုသူငယ်ကို တက္ကသိုလ်ပြည်ရှိ ဒါယကာ သူကြွယ်တဦးအိမ်သို့ခေါ်သွားပြီး "လူမှုလူရာလိမ္မာအောင် သွန်သင်ပေးပါ"ဟု အပ်နှံ၍ထားခဲ့၏။

သူကြွယ်သည် ထိုသူငယ်ကို သားအဖြစ် ချစ်ခင် မွေးမြူ၏။ ထိုသူငယ်သည် တဖြည်းဖြည်းအရွယ်ရောက်လာသည်။

ထိုဒါယကာအိမ်၌ တဆယ့်နှစ်နှစ်တိုင်တိုင် သိုလှောင်ထားသည့် ရောင်းချစရာပစ္စည်းတို့မှာ အများအပြားရှိ၏။

ထိုပစ္စည်းတို့ကို အိမ်ဈေးတည်ရာ ဆိုင်သို့ သယ်ဆောင်၍ ရောင်းချ၏။

တနေ့တွင် မွေးစားဖခင်သည် ရွာတရွာသို့သွားရန် ကိစ္စရှိသဖြင့် အရွယ်ရောက်ပြီးဖြစ်သော သူငယ်အား ထိုတိုက်ဆိုင်၌ ထား၍ ရောင်းချစေ၏။

ဤပစ္စည်းကို ဤမျှလောက် ဈေးနှင့်ရောင်း၊ ဤအထည်ကို

WWW.DHAMMARANSI.COM



ဤဈေးနှင့်ရောင်းဟု မှာထားခဲ့ပြီး သွားစရာရှိသော ရွာသို့ သွား၏။

## ဈေးကဘုန်းကံ နတ်တို့ဖန်

ထိုဆိုင်ကြီးမှာ ငရုတ်သီး၊ စမုန်နက်မှစ၍ ပိုး ဖဲ ကတ္တီပါ၊ အထည်အလိပ်အထိ ပစ္စည်းစုံလင်၏။

သူငယ်စတင်ရောင်းသောနေ့၌ပင် မြို့စောင့်နတ်တို့သည် ဝယ်ယူလိုသူတို့အား ထိုဆိုင်သို့ သွားရောက်ဝယ်ယူကြရန် ညွှန်ပြ၏။ အနည်းဆုံး ငရုတ်သီး၊ စမုန်နက်မျှ လိုသူများကိုပင် ထိုသူကြွယ်၏ ဆိုင်သို့ ရှေ့ရှုသွားရန် လမ်းညွှန်ကြ၏။

တဆယ့်နှစ်နှစ်လုံးလုံး သိုလှောင်ထားသော အလွန်များပြားသည့် ကုန်ပစ္စည်းများမှာ တနေ့တည်းပင် ကုန်အောင် ရောင်းရ၏။

သူကြွယ်သည် နောက်တနေ့ ပြန်ရောက်လာရာ ဆိုင်၌ပစ္စည်း တစုံတရာမျှမတွေ့မမြင်ရသောကြောင့် စိတ်ပူသွား၏။

သူငယ်က ဖခင်မှာခဲ့သည့် ဈေးဖြင့်ပင် ရောင်းချပါသည်ဟု ငွေများကို စာရင်းအင်းနှင့်တကွ အပ်၏။

## သမီးနှင့် ပေးစားခြင်း

သူကြွယ်သည်မွေးစားသားသူငယ်ကိုကြည့်၍အလွန်အံ့သြ၏၊ ထိုသူငယ်၏အရည်အချင်းကို အကဲခတ်မိသည့်အလျောက် မိမိ၏ သမီးနှင့် သူငယ် (ဇဋိလ) အား ပေးစား၍ မြို့အစွန်၌ အိမ်သစ် တလုံးကို ဆောက်ပေးပြီး "သင်တို့အိမ်သစ်၌ ပြောင်းရွှေ့နေကြလော့"ဟု ပြော၏။

## ရွှေတောင်ကြီးပေါက်ခြင်း



ဇဋိလ လင်မယားတို့သည် အိမ်သစ်သို့ပြောင်းရွှေ့လာကြရာ ဇဋိလသည် ခြေတဘက်ဖြင့် လှေကားကို နင်းကာမျှနှင့်ပင် အိမ်၏ အနောက်ဘက်တွင် မြေကြီးကို ဖောက်ခွဲ၍ အတောင် ရှစ်ဆယ် အတိုင်းအရှည်ရှိသော ရွှေတောင်ကြီးသည် ပေါ်ပေါက်၍ လာ၏။

မင်းကြီးသည် ထိုသတင်းကိုကြားလျှင် ဇဋိလအား သဋ္ဌေးတို့၏ အဆောင်အယောင်ထီးကို ပို့စေတော်မူ၏၊ ဇဋိလသဋ္ဌေး ဟူသောဘွဲ့ဖြင့် သဋ္ဌေးရာထူးကို ပေးအပ်လိုက်သည်။

တတိယအကြိမ်

WWW.DHAMMARANSI.COM



## ရဟန်းပြုရန် စိတ်အကြံ

ဇင့်လသသဌေးသည် ကြီးကျယ်သော စည်းစိမ်ချမ်းသာဖြင့် ခံစားစံစား၍ နေထိုင်ခဲ့ရာ သားသုံးယောက်ပင် အရွယ်ရောက်လာပြီဖြစ်၏။

ထိုအခါ ရဟန်းပြုလိုစိတ် ပေါ်ပေါက်လာ၍....

"ဤလောကမှာ ငါနှင့်တန်းတူ ချမ်းသာသူတွေ့ရလျှင် ငါ ရဟန်းပြုမည်" ဟု စိတ်ကူး၏၊ ထိုစိတ်ကူးအတိုင်းပင် ရွှေဖြင့်ပြီးသော အုတ်ချပ်တချပ်၊ ရွှေကြိမ်လုံး အဆောင်အယောင်တချောင်း၊ ရွှေခြေနင်းတစုံတို့ကိုပြုလုပ်၍ ဤပစ္စည်းတို့ကိုယူပြီး ဇမ္ဗူဒိပ်မြေအပြင်ကို လှည့်လည်သွားလာပြီး ငါတို့နှင့်တူသည့် စည်းစိမ်ချမ်းသာရှိသော သဌေးကို လှည့်လည်ရှာဖွေ၍ လာခဲ့လော့ဟု တမန်တို့ကို စေလွှတ်၏။

## ဘဒ္ဒိယမြို့သို့ ရောက်ခြင်း

ထိုတမန်တို့သည် အမြို့မြို့သို့ လှည့်လည်သွားလာရာမှ ရာဇဂြိုဟ် ဘဒ္ဒိယမြို့သို့ ရောက်လေလျှင် မေဏ္ဍကသဌေးကို တွေ့ကြရ၏။

မေဏ္ဍကသဌေးထံချဉ်းကပ်၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အကျိုးအကြောင်းကို ပြောပြရာ မေဏ္ဍကသဌေးသည် ငါတို့၏ ပစ္စည်းဥစ္စာတို့ကို ကြည့်ရှုလော့ဟု အိမ်နောက်သို့ ခေါ်သွား၏။

အိမ်နောက်၌ ရွှေဆိတ်ရုပ်တို့သည် မြေကိုဖောက်ခွဲ၍ ကျောကုန်းချင်းထိမျှ ရှစ်ပယ်စာမြေနှင့် အပြည့်ရှိလေ၏။

ထို ရွှေဆိတ်ရုပ်တို့သည် နွားလားဥသဘ အရွယ်မျှ ရှိကြ၏။

တမန်တို့သည် ထိုဘဒ္ဒိယမြို့မှပင် တက္ကသိုလ်ပြည်သို့ ပြန်ခဲ့ပြီး

WWW.DHAMMARANSI.COM



"ဖခင်၊ အကျွန်ုပ်တို့၌ရှိသော ပစ္စည်းဥစ္စာသည် ပြောစရာ မဟုတ်သေးပါ၊ ရာဇဂြိုဟ်ပြည် ဘဒ္ဒိယမြို့မှ မေဏ္ဍကသူဌေး၏ စည်းစိမ်ချမ်းသာသည်ကား ဤသို့ ဤသို့ ရှိပါသည်" ဟု ပြန် လည်ပြောပြ၏။

ဇဋိလသူဌေးသည် ဝမ်းမြောက်ဝမ်းသာရှိသဖြင့်-

"ငါနှင့်တူသော သူဌေးတယောက်တော့ တွေ့နေပြီ၊ တခြား မှာများ ရှိနေသေးသလားဟူ၍ စုံစမ်းဦးမည်"

ဟု စိတ်ကူး၍ အဖိုးတသိန်းထိုက်သော ကမ္ဗလာကို ပေး၍ အခြားသူဌေးတဦးကို လှည့်လည်ရှာဖွေစေပြန်၏။

## ဇောတိကသူဌေးနှင့် တွေ့ခြင်း

ထိုသူတို့သည် ရာဇဂြိုဟ်ပြည်သို့သွား၍စုံစမ်းကြည့်ရာ၊ ဇောတိ က သူဌေး၏ သတင်းကို ကြားရသဖြင့် ဇောတိကသူဌေး၏ အိမ် တွင်းသို့ ဝင်ကြည့်နိုင်ရန် အကြံထုတ်ကြ၏။

ဇောတိကသူဌေး၏အိမ်နှင့်မနီးမဝေး၌ ထင်းပုံကို မီးထည့်၍ နေကြ၏။

ဇောတိကသူဌေးမြင်လျှင်....

"ဘာလုပ်နေကြတာလဲ"ဟု မေး၏။

"ဤကမ္ဗလာတထည်ကို ရောင်းသော်လည်း ဝယ်မည့်သူမရှိ ခဲ့ပါ၊ ခရီးဆက်၍သွားလိုသော်လည်း ဤကမ္ဗလာကြောင့် လမ်း တွင် အလုအယက် ခံရမည့်ဘေးကို ကြောက်သဖြင့် ကမ္ဗလာကို မီးရှို့ပြီးမှ သွားမည်ဟု မီးထည့်နေကြပါသည်"ဟု ပြော၏။

ဇောတိက သူဌေးက "ဤကမ္ဗလာသည် အဖိုးမည်မျှ တန် သနည်း"ဟု မေး၏။

တတိယအကြိမ်

WWW.DHAMMARANSI.COM



"အဖိုးတသိန်း တန်ပါသည်"ဟု ပြောကြသော် ဇောတိက သူဌေးသည် ငွေတသိန်းကိုပေးပြီး တံခါးမုခ်၌ရှိသော မိန်းမ တယောက်ကိုညွှန်ပြ၍ ဤကမ္ဗလာကို ထိုမိန်းမအား ပေးလေ လော့"ဟုညွှန်ပြ၏။

## တသိန်းတန် ကမ္ဗလာပေး၍ ငိုကြွေးခြင်း



ဇောတိကသူဌေး၏ တံခါးမုခ်ဝ၌ ရပ်နေသော မိန်းမကား ဇောတိကသူဌေးအိမ်မှ တံမြက်လှည်းသော မိန်းမဖြစ်၏။

ထိုသူတို့သည် တံမြက်လှည်း မိန်းမအား အဖိုးတသိန်းထိုက်

WWW.DHAMMARANSI.COM



သောကမ္ဗလာကိုအပ်နှင်း၍ သဌေးမင်းက ပေးလိုက်ပါသည်ဟု ပြော၏။

ထိုမိန်းမသည် ကမ္ဗလာကိုယူပြီး သဌေးထံသွား၏။

"အရှင်သဌေးမင်း- ကျွန်မမှာ အပြစ်ရှိလျှင် ရိုက်ပါ၊ ဤမျှ ကြမ်းတမ်းသောကမ္ဗလာကို ကျွန်မဘယ် လို၀တ်ရပါမည်နည်း" ဟု ပြောကာ ငိုကြွေးတော့၏။

သဌေးမင်းက-

"သင့်အား ဤကမ္ဗလာကို ၀တ်ရုံရန်ပေးသည်မဟုတ်၊ သင် အိပ်သည့်အခါ နံ့သာရည်ဖြင့် ဆေးခဲ့သော ခြေထောက်တို့ကို သုတ်ရန်အတွက် သင့်အိပ်ရာ ခြေရင်းမှာထားရန် ငါပို့ခိုင်းသည် ခြေသုတ်ရုံမျှ သင်မတတ်နိုင်သလော"ဟု ပြော၏။

ထိုအခါ ကျွန်မက-

"ခြေသုတ်ရုံဆိုလျှင် ယူပါမည်"ဟု ပြောလျက် ယူသွား၏။

### သားသုံးယောက်၏အမွေဆက်ခံမှု

ထိုသူတို့သည် ဇောတိက သဌေး၏ အကြီးအကျယ်ချမ်းသာခြင်းကို ပြောကြား၏။

ဇဋိလ သဌေးသည် ထိုစကားကိုကြားရလျှင် များစွာ ၀မ်းမြောက် ၀မ်းသာဖြစ်၍ ရဟန်းပြုရန် ဆုံးဖြတ်ပြီး ဘုရင် မင်းမြတ်ထံသွား၍ ခွင့်တောင်း၏။ မင်းကြီးကသာဓုခေါ်၍ ရဟန်းပြုခွင့် ပေး၏။

သဌေးကြီးသည် အိမ်သို့ပြန်၍ သားသုံးယောက်တို့ကို ခေါ်ပြီး ရွှေအရိုးနှင့်တပ်ထားသော ပုဆိန်ကိုပေး၍ သားအကြီးကို ရွှေတောင်သို့ခေါ်၍ ရွှေတောင်ကို ခွဲစေ၏၊ ကျောက်ဖျာကို ခွဲရသကဲ့သို့ အစအနမျှ ထွက်မလာပေ။

WWW.DHAMMARANSI.COM



တဖန် သားအလတ်ကို ရွှေပုဆိန်ပေး၍ ခွဲစေပြန်၏။ သားအလတ်သည် ပေါက်ခွဲသော်လည်း မရပေ။

နောက်ဆုံး သားအငယ်ကို ရွှေပုဆိန်ပေး၍ ခွဲစေရာ မြေစိုင်ခဲကို ပေါက်ခွဲရသကဲ့သို့ အလွယ်တကူပင် အလိုရှိသမျှ ရလာ၏။

ထိုအခါ ဇဋိလသဌေးကအငယ်ဆုံးသားအား ဤရွှေတောင်ကို သင်ပင် ဦးဆောင်၍ အစ်ကိုကြီးနှစ်ယောက်နှင့်အတူစားသုံးပေတော့ဟု ပြောကြား၏။

ထိုနောက်တဖန် သားကြီးနှင့် သားလတ်တို့အား....

ဤရွှေတောင်သည် သင်တို့အတွက်ပေါ်ပေါက်ခဲ့သည်မဟုတ် ငါနှင့်တကွ ငါ့သားတို့၏ ရှေးကပြုခဲ့ဖူးသော ဒါနအကျိုးဆက်ကြောင့်သာ ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ညီငယ်နှင့်တကွ ဥမကွဲသိုက်မပျက် သုံးဆောင်ခံစားရစ်ကြလေဟု မှာကြား၏။

* * *

# ဇဋိလ ရေမျှောခံရခြင်းနှင့် သားသုံးယောက်ကံ

(အတိတ်ဝဋ္ဋ)

* ဇဋိလသဌေး မွေးကာစ၌ အဘယ်ကြောင့် ရေတွင် အမျှောခံရသနည်း။

* သားသုံးယောက်အနက် အငယ်ဆုံး သားသည်သာလျှင် ဤရွှေတောင်ကို အဘယ်ကြောင့် ခံစားရသနည်း။

ဤအကြောင်းများကား အတိတ်ကံ၏ အကြောင်းများပင် ဖြစ်၏။

တတိယအကြိမ်

WWW.DHAMMARANSI.COM



ကဿပဘုရားရှင် ပွင့်တော်မူပြီးနောက် ပရိနိဗ္ဗာန်စံဝင်တော်မူရာ ရွှေစေတီကြီးကိုတည်ကြ၏။

ဤသို့ ရွှေစေတီ တည်ဆောက်ရာသို့ ရဟန္တာတပါး လာရောက် ကြည့်ရှုလျှင် စေတီ၏မြောက်ဘက်မုခ် မပြီးသေးသည်ကို တွေ့ရသဖြင့် မေးမြန်းရာ၊ ပန်းရန်ဆရာတို့က ရွှေအုတ်များ မလုံလောက်၍ ရပ်ထားရပါသည်ဟု လျှောက်ထား၏။

ရဟန္တာအရှင်မြတ်သည် မြို့တွင်းသို့ကြွသွား၍ မြောက်ဘက်မုခ်၌ တာဝန်ယူသွားကြသော ဒါယကာ ဒါယိကာမများအား ရွှေမလုံလောက်သည့်အကြောင်းကို သိစေ၏။

ရဟန္တာအရှင်မြတ်သည် ရွှေပန်းထိမ်သည် ဇဋိလ၏အိမ်သို့ ကြွသွားပြန်၏။

ထိုအချိန်၌ ရွှေပန်းထိမ်သည်မှာ မယားနှင့် ရန်ဖြစ်ပြီးကာစ ဒေါသရှိန်မပြေသေးသောအချိန်ဖြစ်၏။

ရဟန္တာအရှင်မြတ်က-

"ဒါယကာ... အသင်တို့ တာဝန်ယူထားသော မြောက်ဘက်မုခ်၌ရွှေမလုံလောက်ဖြစ်၍ ရပ်ထားရပါသည်" ဟုမိန့်ကြား၏။

မယားအပေါ်၌ ဒေါသအရှိန်မပြေသေးသော ရွှေပန်းထိမ်သည် ရဟန္တာအရှင်မြတ်အား-

"အရှင်ဘုရားတို့ စေတီကြီးကို ရေ၌သာမျှောလိုက်ပါတော့" ဟု ပြော၏။

ထိုစကားကို ရွှေပန်းထိမ်သည်၏မယားက ကြားလေလျှင်-

"ဘယ်လို ပြောလိုက်တာလဲ၊ ငါ့ကို စိတ်ဆိုး၍ ဆဲလျှင်လည်း ဆဲပါ၊ ရိုက်လျှင်လည်းရိုက်ပါ၊ ဘာကြောင့် ဘုရားကို ရန်လုပ်ရသလဲ" ဟုပြော၏။

WWW.DHAMMARANSI.COM



ထိုအခါမှ ရွှေပန်းထိမ်သည်မှာ သတိတရေးရပြီး အထိတ်တလန့်ဖြစ်၍-

''အရှင်ဘုရား....အကျွန်ုပ်အား သည်းခံတော်မူပါ''ဟု ဆို၍ ရဟန္တာ မထေရ်၏ ခြေတော်ရင်း၌ ဝပ်စင်းတောင်းပန်၏။

''ဒါယကာ သင်သည် ငါ့ကိုပြစ်မှားသော စကားတစုံတရာ မျှပြောသည်မဟုတ်၊ ငါတို့ဆရာဘုရားကိုသာ ပူဇော်ကန်တော့လော့''ဟုမိန့်တော်မူ၏။

''အဘယ်သို့ ပူဇော်ကန်တော့ရပါမည်နည်း ဘုရား''

''ရွှေပန်းခိုင်ဖြင့် စိုက်ထားသော ရွှေပန်းအိုး သုံးလုံးကိုပြု လုပ်၍ မာတ်တော် ကိန်းဝပ်ရာ ဌာပနာတိုက်သို့ဝင်ပြီး သင့်တကိုယ်လုံး ရေစိုသောအဝတ်၊ ရေစိုသောဆံပင်တို့ဖြင့် ပူဇော် ကန်တော့လေလော့''ဟု မိန့်တော်မူ၏။

ပန်းထိမ်သည်သည် ဝန်ခံ၍ သားသုံးယောက်တို့တွင် သားကြီးကို ခေါ်ပြီး....

''ငါ့မှာ မြတ်စွာဘုရားကိုပြစ်မှားသည့်စကား ဆိုမိ၍ ရွှေပန်းခိုင်တို့ပြုလုပ်ပြီး ဌာပနာတိုက်၌ ထည့်သွင်း ပူဇော်ရမည်၊ သားကြီးက ငါ့အား ဝိုင်းဝန်းကူညီပါ''ဟု ပြော၏။ ထိုအခါ သားကြီးက-

''ဘုရားကို အကျွန်ုပ် စကားဖြင့်ရန်မမူမိပါ၊ အဖေသာ ရန်မူ၍ အဖေ့တာဝန်ပါ''ဟု ပြောပြီး မကူညီပဲနေ၏။

သားအလတ်ကိုခေါ်၍ပြော၏၊ သားအလတ်က သားအကြီး၏ စကားအတိုင်းပင် ဖခင်ကိုကူညီရန်ငြင်းပယ်လိုက်၏။

ထိုအခါ သားအငယ်ဆုံးကိုခေါ်၍ပြောကြားပြန်၏။ သားငယ်က-

WWW.DHAMMARANSI.COM





"အဖေ့မှာဖြစ်တဲ့ကိစ္စ သားတို့မှာလည်းတာဝန်ရှိပါတယ်" ဟု ဆို၍ ဖခင်အား ရွှေပန်းခိုင်တို့ကို ကူညီပြုလုပ်ပေး၏။ ရွှေပန်းထိမ်သည် ဇမ္ဗုလသည် ရွှေပန်းခိုင်ဖြင့် စိုက်သော ပန်းအိုး သုံးလုံးကို ယူ၍ တကိုယ်လုံး ဦးခေါင်းမှ ဆံဖျားတိုင် ရေလောင်းချစေပြီး စိုစွတ်သောကိုယ်ဖြင့် ကဿပ ဘုရားသခင်၏ မဲတ်တော်တိုက်သို့ ဝင်ကာ ရွှေပန်းခိုင်တို့ဖြင့် ပူဇော် ကန်တော့၏။

(ဤသို့ ဒေါသတရား ရှေ့ထား၍ ပြောမှားမိသောကြောင့် ဇမ္ဗုလသည် ခုနစ်ဘဝ တိုင်တိုင် မွေးကာစ၌ ရေမျှောခံခဲ့ရသည်။ ဤဘဝကား နိဗ္ဗာန်ဝင်မည် နောက်ဆုံး ဘဝ ဖြစ်သတည်း။)

4 (တတိယအကြိမ်)

WWW.DHAMMARANSI.COM


ရွှေပန်းခိုင်တို့ ပြုလုပ်သောအခါ သားကြီး နှစ်ယောက်တို့သည် ကူညီခြင်း မပြု၊ ထို့ကြောင့် ရွှေတောင်တို့သည် သူတို့အဘွက် မဟုတ်၊ဇင္ဂိလနှင့် သားအငယ်တို့၏ ပြုခဲ့သောကောင်းမှုကံကြောင့်သာလျှင် ဖြစ်၏။

## တပ်ခြင်းတဏှာ ကင်းကွာခြင်း

ဇင္ဂိလသင်္ဌေးသည် သားသုံးယောက်တို့ကို ဆုံးမဩဝါဒပေးပြီး ဂေါတမ မြတ်စွာဘုရားထံ၌ ရဟန်းပြုရာ နှစ်ရက်သုံးရက် ဖြင့်ပင် အရဟတ္တဖိုလ်သို့ ရောက်၏။

တနေ့၌ မြတ်စွာဘုရားသည် ရဟန်း ငါးရာနှင့် ဆွမ်းခံကြွတော်မူရာ ဇင္ဂိလသင်္ဌေး၏ အိမ်တံခါးသို့ ရောက်တော်မူ၏။

သားတို့သည် ဘုရား အမှူးရှိသော ရဟန်း သံဃာတို့အား လခွဲ (၁၅ရက်)ပတ်လုံး ဆွမ်းအလှူကို ပေးလှူကြ၏။

တရားသဘင်၌ ရဟန်းတို့သည် အရှင် ဇင္ဂိလ မထေရ်အား မေးမြန်းကြ၏။

"အရှင်ဇင္ဂိလ သင်သည် အတောင်ရှစ်ဆယ် ရှိသော ရွှေတောင်ကြီးကိုလည်းကောင်း၊သားတို့ကိုလည်းကောင်းမက်မောတွယ်တာ တပ်မက်ခြင်းတဏှာ ရှိသေးသလော"ဟု မေးကြ၏။

"ငါ့ရှင်တို့ ယနေ့ ငါသည် ထိုရွှေတောင်၊ ထိုသားတို့၌ စုံမက်တွယ်တာ တပ်မက်ခြင်းတဏှာသည်လည်းကောင်း၊ မာန တည်းဟူသော ထောင်လွှားခြင်းသည်လည်းကောင်း မရှိတော့ပါ"ဟု ဖြေကြား၏။

ရဟန်းတို့က ဇင္ဂိလမထေရ်သည် မဟုတ်မမှန်သောစကားဖြင့် အရဟတ္တဖိုလ်ကို ပြောကြားဘိ၏ဟု ဆိုကြကုန်၏။

WWW.DHAMMARANSI.COM



မြတ်စွာဘုရားသခင်သည် ထိုစကားကို ကြား၍....

"ချစ်သားတို့၊ ငါ၏သားတော် ဖြစ်သော "ဇဋိလမထေရ် အား ထိုရွှေတောင်နှင့် သားတို့၌ ခုံမင်မက်မော တပ်မက်ခြင်း တဏှာသည်လည်းကောင်း၊ မာနသည်လည်းကောင်း၊ မရှိပေ" ဟု မိန့်ကြားတော်မူ၍ တရားတော်ကို ဟောကြားတော်မူရာတွင်

(၄၁၆) ယောဓ တဏှံ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၁၆) ရဟန်းတို့၊ အကြင်သူသည် ဤလောက၌ တပ်မက်ခြင်း တဏှာကို ပယ်၍၊ အိမ်ရာထောင်ခြင်းမှ အလိုမရှိပဲ ကျင့်ကြံ အား ထုတ်၏။ ဘဝကာမဂုဏ် တပ်မက်ခြင်းတဏှာကုန်ပြီးသော ထိုသူကို မကောင်းမှုကို အပပြုပြီးသောသူဟူ၍ ငါဘုရားဆို၏ဟု ဟောတော် မူ၏။

(ဇဋိလမထေရ်ဝတ္ထုပြီး၏။)

ဒုတိယအကြိမ်

WWW.DHAMMARANSI.COM

# ဇောတိက မထေရ် ဝတ္ထု

ဤဒေသနာတော်ကိုမြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်တောကျောင်း၌ နေတော်မူစဉ် ဇောတိကမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဇောတိက သဌေး၏ အကြောင်းကို ဇဋိလမထေရ် ဝတ္ထုတွင် ဖော်ပြခဲ့ပြီးဖြစ်ပါ၍ ဇောတိကသဌေးရဟန္တာ ဖြစ်ခြင်း အကြောင်းကို ဆက်လက်ဖော်ပြပါအံ့။

## အဇာတသတ်အကြံ

အဇာတသတ် မင်းသားသည် ဒေဝဒတ်နှင့်ပေါင်း၍ ခမည်းတော် ဗိမ္ဗိသာရကို သတ်၍ မင်းပြုပြီးနောက် ဇောတိကသဌေး၏ ကြီးကျယ်ခမ်းနားသော ပြာသာဒ်ကို သိမ်းယူမည်ဟု စစ်အင်္ဂါ လေးပါးပြင်ဆင်ကာ အဇာတသတ်မင်းကိုယ်တိုင် မြင်းတပ်နှင့် ရှေ့ဆုံးမှ ချီတက်လာ၏။ ဇောတိက သဌေး၏ ပထမဦးဆုံးသော ပတ္တမြားတံတိုင်းတွင် မိမိ၏မြင်းတပ်ကြီးအရိပ်သည် ထင်လာ၏။ အဇာတသတ်၏ မြင်းဘပ်ကြီးမှာ ဇောတိကသဌေး၏ မြင်းတပ်ကြီး မျက်နှာချင်းဆိုင်မှ ထွက်လာချေပြီဟု ပတ္တမြားတံတိုင်း၌ ထင်သော (ကိုယ့်အရိပ်ကို) ရန်သူတပ်ထင်မှတ်ပြီး အဇာတသတ်၏ တပ်တို့သည် လန့်၍ ပြေးကြသဖြင့် တပ်ပျက်လေ၏။ အဇာတသတ်စီးသော မြင်းကြီးပင် ပတ္တမြားအရိပ်၌ ထင်လာသော မိမိအရိပ်ကို လန့်၍ ပြေးသဖြင့် အဇာတသတ်ပါ မြင်းပေါ်၌ ပါသွားလေ၏။

## တတိယအကြိမ်

WWW.DHAMMARANSI.COM

# ဇောတိကမထေရ် ဝတ္ထု



၂/၁၇

တတိယအကြိမ်

WWW.DHAMMARANSI.COM



ထိုအချိန်၌ ဇောတိကသူဌေးသည် နံနက်စာစားပြီး မြတ်စွာဘုရားကျောင်းတော်၌ တရားတော်ကို နာကြားနေ၏။

ဤသို့ဖြင့် အဇာတသတ်သည် ဇေတဝန် ကျောင်းတော် ပရိဝုဏ်သို့ ရောက်လေ၏။

အဇာတသတ်သည် ဇောတိကကို ကျောင်းတော်၌ တွေ့လျှင် ဒေါသမျက်မာန်ဖြင့် ကြည့်၏။ ဇောတိကသူဌေးက အဇာတသတ်မင်းကို အရိုအသေပြုပြီး....

"အရှင်မင်းမြတ်၊ အဘယ် အကြောင်းကြောင့် ကြွလာပါသနည်း" ဟု မေး၏။

ထိုအခါ အဇာတသတ်မင်းက....

"အသင်၏ပြာသာဒ်ကို သိမ်းယူရန် ငါတို့သည် တပ်နှင့်တကွ ချီတက်လာခဲ့သည်ကို အသင်သည် ငါ့တပ်အားအံတုတိုက်ခိုက်ပြီး ဤအရပ်၌ လာရောက် ခိုလှုံနေသည် မဟုတ်လော" ဟုမေး၏။

"ဪ၊ အရှင်မင်းကြီးသည်အကျွန်ုပ်ပြာသာဒ်ကိုသိမ်းယူရန် ကြွခဲ့သလော"

"ဟုတ်ပေသည်"

"အရှင်မင်းကြီး၊ အကျွန်ုပ်သဘော မတူပဲ အကျွန်ုပ် ပစ္စည်းများကို မင်းအပေါင်းတထောင် စုပေါင်း၍ သိမ်းယူသော်လည်း မရနိုင်ပါ"

ထိုအခါ အဇာတသတ်မင်းသည် အမျက်ထွက်၍....

"သင်သည် မင်းအပေါင်းထက်ပင် တန်ခိုးထက်သလော၊ သင်က ဘုရင်တပါးလော"

WWW.DHAMMARANSI.COM



"ကျွန်ုပ်သည် ဘုရင်မဟုတ်ပါ၊ သို့သော် ကျွန်ုပ်ပစ္စည်းဥစ္စာများကို ကျွန်ုပ်သဘောမတူပဲ မြိတ်စာချည်မျှင် တမျှင်မျှ ဘုရင်မင်းမြတ်တို့သည်လည်းကောင်း၊ သူခိုးဒမြတ်တို့သည်လည်းကောင်း သိမ်းယူခိုးယူ၍မရနိုင်ပါ"

"ဩော်-သင်သဌေးပေးမှ ငါကယူရမည်လော၊ ငါအတင်းယူသော် သင်ဘာတတ်နိုင်မည်နည်း"

"အရှင်မင်းကြီး....ဤသို့ဆိုလျှင် ကျွန်ုပ်၏လက်ဆယ်ချောင်း၌ ဤနှစ်ဆယ်သောလက်စွပ်တို့ရှိပါသည်၊ ကျွန်ုပ်သည် အရှင်မင်းကြီးအား ဤလက်စွပ်ကိုမပေးပါ၊ ယူနိုင်စွမ်းရှိလျှင် ယူတော်မူပါ"ဟုလက်နှစ်ဘက်မှ လက်ဆယ်ချောင်းတို့ကို ဖြန့်၍ပေး၏။



WWW.DHAMMARANSI.COM



အဇာတသတ်မင်းသည် အားအင်ကြီးမား၏။ မြေ၌ ဆောင့်ကြောင့်ထိုင်၍ ခုန်လျှင် တဆယ့် ရှစ်တောင် မြင့်အောင် ခုန်နိုင်၏။

မတ်တပ်ရပ်၍ ခုန်လျှင် အတောင် ရှစ်ဆယ် မြင့်အောင် ခုန်နိုင်၏။

အဇာတသတ်မင်းသည် ဇောတိကသဌေး၏လက်မှ လက်စွပ်ကို ချွတ်ယူ၏။ တအားဆွဲ၍ ချွတ်၏။ ကိုယ်ကို ယိမ်းယိုင်လျက် ချွတ်၏။

ဤမျှ အားအင်ရှိသော အဇာတသတ်သည် လက်စွပ်တကွင်းကိုမျှလည်း ချွတ်ယူခြင်းငှာ မတတ်နိုင်။

ထိုအခါ ဇောတိက သဌေးက....

"အရှင်မင်းကြီး၊ ဝတ်လဲတော် ပုဆိုးဖြန့်တော်မူလော့" ဟု ဆို၍ လက်ဆယ်ချောင်းကို ဖြောင့်ဖြောင့် ပြု၍ လက်စွပ်တို့ကို ချပေး၏။ လက်စွပ် အကွင်း နှစ်ဆယ်စလုံး ကျွတ်၍ ကျ၏။

"အရှင်မင်းကြီး၊ အကျွန်ုပ်၏ ပစ္စည်းကို အကျွန်ုပ် မပေးပဲ ယူ၍ မရနိုင်သည်ကို တွေ့မြင်ရပြီ မဟုတ်ပါလော"

အဇာတသတ်မင်းသည် အလွန် မကျေချမ်းနိုင်သော အမူအရာနှင့် ကြည့်၏။

ဇောတိက သဌေးသည် အဇာတသတ် မင်းအား ကြည့်၍ သံဝေဂ ဖြစ်လာသဖြင့်—

"အရှင်မင်းကြီး၊ အကျွန်ုပ်အား ရဟန်းပြုခွင့် ပေးတော်မူပါ" ဟု တင်လျှောက်၏။

အဇာတသတ်မင်းက ဇောတိကသဌေး ရဟန်းပြုခဲ့လျှင် သူ၏

WWW.DHAMMARANSI.COM



ပြာသာဒ်ကို အလှယ်တကူ သိမ်းယူမည်ဟု ကြံစည်၍ တကြိမ် တောင်းပန်ရုံဖြင့် ခွင့်ပြုလိုက်၏။

## ဇောတိက သဋ္ဌေး ရဟန္တာဖြစ်ခြင်း

ဇောတိက သဋ္ဌေးသည် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြု၍ မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်သို့ရောက်၍ ဇောတိကမထေရ်ဟူ၍ပင် ထင်ရှား၏။

ဇောတိကသဋ္ဌေး အရဟတ္တဖိုလ်သို့ ရောက်သော ခဏ၌ပင် အလုံးစုံသော စည်းစိမ်ချမ်းသာတို့သည်လည်းကောင်း၊ ပဒေသာပင်တို့သည် လည်းကောင်း၊ ပြာသာဒ်တို့သည် လည်းကောင်း အလိုလို ကွယ်ပျောက်ကုန်၏။

အတုလကာရီ အမည်ရှိသော ဇောတိက သဋ္ဌေးကတော်ကိုလည်း နတ်တို့သည် မြောက်ကျွန်းသို့သာလျှင် ပို့ဆောင်ကုန်၏။

တနေ့သောတရားသဘင်အစည်းအဝေး၌ ရဟန်းတို့ပြောဆိုကြသောစကားကို ကြား၍ မြတ်စွာဘုရားသခင်က....

"ချစ်သားရဟန်းတို့၊ ငါ၏သားတော် ဇောတိကမထေရ်အား ထိုရတနာခုနစ်ပါးဖြင့် ဆောက်လုပ်ထားသောပြာသာဒ်၌လည်းကောင်း၊ ပစ္စည်းဥစ္စာရတနာ အတွေ့တွေ့၌ လည်းကောင်း မြောက်ကျွန်းသူ အတုလကာရီအပေါ်၌လည်းကောင်း၊ တပ်မက်တွယ်တာခြင်းသည် မရှိသည်သာလျှင်တည်း"

ဟူ၍ ဟောကြားတော်မူပြီး....

တတိယအ[illegible]

WWW.DHAMMARANSI.COM



(၄၁၇) ယောဓ တဏှံ ပဟန္တွာန၊
အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝ ပရိက္ခီဏံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

(၄၁၇) အကြင်ပုဂ္ဂိုလ်သည် ဤလောက၌ ပစ္စည်းဥစ္စာရတနာ အထွေထွေ တွယ်ဘာစရာ သားသမီးသံယောဇဉ်တို့ကို ပယ်ခွာ၍ လူ့ဘောင်၌အိမ်ရာမထောင်ပဲရဟန်းပြု၏။ ဤသို့တပ်မက်ခြင်း စွဲလမ်းခြင်း တဏှာကုန်ပြီးသောဘဝရှိသည့် ထိုပုဂ္ဂိုလ်ကို ဘုရားသည် မကောင်းမှုကိုပယ်ပြီးသောသူဟူ၍ ဟောတော်မူ၏။

ဤဓမ္မဒေသနာအဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်တို့သို့ ရောက်ကြကုန်၏။

(ဓမ္မပဒ ဗြာဟ္မဏဝဂ် သုံးဆယ့်လေးခုမြောက် ဇောတိက မထေရ်ဝတ္ထုနှင့်ခေတ်မီဓမ္မပဒပဉ္စမတွဲတို့ကို မှီငြမ်းပြုပါသည်။)

WWW.DHAMMARANSI.COM

# မေဏ္ဍကသူဌေး
# ဝတ္ထု



ဒုတိယအကြိမ်

WWW.DHAMMARANSI.COM

## သူယုတ်မာတို့၏ သဘော

# မေဏ္ဍက သဌေးဝတ္ထု

သူတပါး၏အပြစ်ကို မြင်လွယ်တတ်ကြ၏။
မိမိအပြစ်ကိုမူ မြင်ခဲ၏။
သူတပါး၏အပြစ်တို့ကို
ဖွဲပြာကဲ့သို့ လေ၌ လွှင့်တတ်ကြ၏
မိမိ၏ အပြစ်တို့ကိုမူ စဥ်းလဲစွာ ဖုံးလွှမ်းတတ်ကြ၏။

ဤဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် ဘဒ္ဒိယမြို့ အနီး မြတ်လေးတောအရပ်၌ သီတင်းသုံးတော်မူစဉ် မေဏ္ဍက သဌေးကြီးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသခင်သည် အင်္ဂတိုင်း၊ ဥတ္တရတိုင်းတို့၌ ဒေသစာရီ ကြွတော်မူသည်ရှိသော်....

(၁) မေဏ္ဍက သဌေးကြီး
(၂) သဌေးကတော် စန္ဒပဒုမာ
(၃) သဌေးသား ဓနဥ္စယ
(၄) ချွေးမ သုမနဒေဝီ
(၅) မြေး ဝိသာခါ
(၆) ကျွန် ပုဏ္ဏ

ဤ ခြောက်ယောက်သော သူတို့၏ သောတာပတ္တိဖိုလ်သို့ ရောက်နိုင်မည့် အကြောင်း အထောက် အပံ့ကို မြင်တော်မူ၍ ဘဒ္ဒိယမြို့သို့ကြွပြီး မြတ်လေးတော၌ နေတော်မူ၏။

ဏတိယအကြွမ်

WWW.DHAMMARANSI.COM

## မေဏ္ဍကသဋ္ဌေး၏ ရှေးအကြောင်း

မေဏ္ဍကသဋ္ဌေးသည် ရှေးကပြုဖူးသော ကုသိုလ်ထူးကြောင့် အိမ်၏နောက်၌ မင်းရှစ်ပယ်စာ လောက်သော မြေနေရာတွင် ဆင်မြင်းနွားလားဥသဘအရွယ်ရှိကုန်သော ရွှေဆိတ်ရုပ်တို့သည် မြေကိုဖောက်ခွဲ၍ ကျောကုန်းကို ကျောကုန်းချင်း ထိလျက် ပေါ်ကြ၏။

ထိုရွှေဆိတ်ရုပ်တို့၏ ပါးစပ်၌ အဆင်းငါးပါးရှိသော ချည်လုံးတို့ ဆို့ထား၏။

ထောပတ်ဆီ၊တင်လဲ စသည်တို့ကို လည်းကောင်း၊ အဝတ်ပုဆိုး ရွှေငွေ စသည်တို့ကိုလည်းကောင်း အလိုရှိလျှင်ထိုရွှေဆိတ်ရုပ်၏ ပါးစပ်တွင် ဆို့ထားသော ချည်ထွေးတို့ကို နုတ်ပါက ရွှေဆိတ်ရုပ်တရုပ်၏ ခံတွင်းမှ ကျသောသောထောပတ်ဆီ၊ ပျားရည်၊ တင်လဲအဝတ်ပုဆိုးရွှေငွေတို့သည်ဇမ္ဗူဒိပ်ကျွန်း၌ခနသော သူအားလုံးတို့ သုံးဆောင်လောက်အောင်ထွက်၏။

ထိုအခါမှစ၍ မေဏ္ဍက သဋ္ဌေးဟူ၍ ထင်ရှား၏။

## ရှေးကုသိုလ်အကျိုးဆက်

ထိုသဋ္ဌေး၏ ရှေးကုသိုလ်အကျိုးဆက်ကား ဝိပဿီဘုရားလက်ထက်၌ "အဝရောဇ" အမည်ရှိသော သူကြွယ် တူဖြစ်၍ ဦးရီးနှင့် အမည်တူပင်ဖြစ်၏။

ဦးရီးဖြစ်သူ အဝရောဇသည် မြတ်စွာဘုရားအတွက် ဂန္ဓကုဋ္ဌိကိုဆောက်၏။တူဖြစ်သူက ထိုကုသိုလ်၌ အတူပါဝင်လှူဒါန်းပါရစေဟု တောင်းပန်၏။

ဦးရီးဖြစ်သူက တဦးတည်းသာ ဆောက်မည်ဟုငြင်းပယ်၏။

ထတိယအကြိမ်

WWW.DHAMMARANSI.COM



တူဖြစ်သူသည် ဦးရိုး၏ဂန္ဓကုဋိဆောက်ပြီးသော ဤနေရာ အနီး၌ပင် ရွှေဇရပ်တစ်ခုကို ဆောက်၏။

တိုင်တတိုင်ကို ရွှေပြားဖြင့် တတိုင်လုံး မွမ်းမံ၍ အုပ်၏။

တိုင်တတိုင်ကို ငွေပြားဖြင့်စီ၏။

တိုင်တတိုင်ကိုပတ္တမြားဖြင့်စီ၏။

ဤသို့တိုင်ထုတ်လျှောက်၊ တံခါးပေါက်၊ တံခါးရွက်၊ ပြတင်း တံခါးရွက်၊ ပြတင်းတံခါး၊ အခြင်ယနယ်၊ အမိုးအုပ်အလုံးစုံတို့၌ ရွှေငွေရတနာတို့ဖြင့် မွမ်းမံ၍ ဂန္ဓာကုဋိနှင့် မျက်နှာချင်းဆိုင် အရပ်၌ဆောက်လုပ်၏။

ထိုဇရပ်၏ အထက်၌ တခဲနက် ရွှေနီဖြင့်ပြီးကုန်သော ကမ္ဗ လာနီအဆင်းနှင့်တူသော သန္တာဖြင့် ပြီးကုန်သော ထုပိကာ အထွတ်တို့ကို တပ်၏။

ရွှေဇရပ်၏ အလယ်၌ ရတနာမဏ္ဍပ်ကို မွမ်းမံ၏။ တရား ဟောပလ္လင်ကို တည်ဆောက်၏။

ထိုတရားဟော ပလ္လင်၏ ခြေထောက်လေးခုတွင် ရွှေနီအတုံး အခဲဖြင့် ထုလုပ်ထားသော ဆိတ်ရုပ်လေးခုတို့ဖြင့် တည်ထား၏။

ရွှေဆိတ်ရုပ်နှစ်ခုကို ခြေဆေးအင်းပျဉ် (ပျဉ်ပြား) အောက် ၌ထား၏။

ရွှေဆိတ်ရုပ် ခြေထောက်ခုတို့သည် အလယ်မဏ္ဍပ်၏ ပတ်ဝန်း ကျင်မှ ရံလျက်ထား၏။

တရားဟောသော ပလ္လင်ကို ပထမ ချည်ကြိုးတို့ဖြင့် ရက် စေ၏၊ အလယ်၌ ရွှေချည်တို့ဖြင့် ရက်စေ၏၊ အပေါ်ဆုံး၌ ပုလဲ ဖြင့်ပြီးကုန်သော ချည်တို့ဖြင့်ရက်စေ၏။

WWW.DHAMMARANSI.COM



တရားဟောသော ပလ္လင်၏ နောက်မှီတံကဲကို စန္ဒကူးဖြင့် ပြုလုပ်၏။

ထိုဇရပ် ပူဇော်ပွဲကြီးကို ဝိပဿီ မြတ်စွာဘုရားနှင့် တကွ ခြောက်သန်း ရှစ်သိန်းကုန်သော ရဟန်းတို့ကိုပင့်၍ လေးလ တိုင်တိုင် အလှူကြီးပေး၏။

ဤဝိပဿီဘုရားလက်ထက်၌ လှူဒါန်းခဲ့သောကောင်းမှုကံကို ပြုခဲ့သဖြင့် ထိုဘဝမှ စုတေသော် နတ်ပြည် လူ့ပြည်တို့၌ အဖန်ဖန်ကျင်လည်ခဲ့ပြီး ဤဘဒ္ဒကမ္ဘာ၌ ဗာရာဏသီပြည်တွင် သဌေး ဖြစ်လာ၏။

## ငတ်မွတ်ခေါင်းပါးဘေးကြီး

တနေ့၌ ထိုဗာရာဏသီ သဌေးသည် ဘုရင်မင်းမြတ်ထံ ညီလာခံသို့ အသွား၌ လမ်းတွင် ပုရောဟိတ်ပုဏ္ဏားနှင့် ဆုံမိ၍ နက္ခတ်တာရာ ဂြိုဟ်သွားဂြိုဟ်လာတို့ကို မေးမြန်းကြည့်၏။

ထိုအခါ ပုရောဟိတ်ပုဏ္ဏားက သုံးနှစ်ကြာလျှင် မိုးခေါင် ရေရှား၍ ငတ်မွတ်ခေါင်းပါးသော ဘေးကြီးဆိုက်လိမ့်မည် ဟု ပြော၏။

## ကြိုတင်စီမံမှုများ

ဗာရာဏသီ သဌေးသည် ပုရောဟိတ်ပုဏ္ဏား၏ စကားကို အလေးအမြတ်ထားပြီး ထိုနှစ်မှစ၍ များစွာသော လယ်လုပ်ခြင်းကို ပြုစေ၏။

အိမ်၌ရှိသော ရွှေငွေတို့ဖြင့် စပါးများကို ဝယ်ထား၍ သိုလှောင်ထားရာ တထောင့်နှစ်ရာ ငါးဆယ်ကုန်သော စပါးကျီတို့ကို ပြည့်စေ၏။

WWW.DHAMMARANSI.COM



ကျီတို့နှင့်မဆန့်သော် စဉ့်အိုးတို့တွင်ထည့်၏။

မြေကြီးကို တွင်းတူး၍မြှုပ်၏။

ကျန်သောစပါးတို့ကို မြေကြီးနှင့်ရောနယ်၍ အိမ်နံရံဘို့ကို လိမ်းကျံစေ၏။

သုံးနှစ်ကြာလျှင် ပုရောဟိတ်ပုဏ္ဏား ဟောသည့်အတိုင်း မိုးခေါင်ငတ်မွတ်ခေါင်းပါးဘေးကြီးဆိုက်၏။

သဌေးကြီးသည် ကျေးကျွန် အခြွေအရံ အပေါင်းအသင်းတို့အား ဝေဖြန့်ကျွေးမွေး၏။

စပါးကျီတို့မှလည်းကောင်း၊စဉ့်အိုးကြီးများမှလည်းကောင်း သိုမှီးထားသောစပါးတို့သည် တနှစ်နှစ်နှစ်အတွင်း၌ကုန်လေ၏။

ထိုအခါကျေးကျွန်တို့ကို ခေါ်၍....

"အမောင်တို့၊ ငါတို့တွင် ကျွေးမွေးရန် ဆန်စပါးတို့ကုန်လေပြီ၊ အမောင်တို့သည် တောင်ခြေရင်းသို့သွား၍ အသက်မွေးကြကုန်လော့၊အခြေအနေမကောင်းသည့်အခါ ငါ့ထံသို့ပြန်လာလိုလျှင် ပြန်လာကြ၊ မလာလိုလျှင်လည်း ထိုတောင်ခြေရင်း၌ပင် အသက်မွေးကြကုန်လော့"

ဤသို့ ပြောကြားလျှင် ကျွန်ရင်းတို့သည် ငိုကြွေးကြပြီး သဌေးကို ရှိခိုးကန်တော့၍ ရေကြည်ရာမြက်နုရာအရပ်သို့ ရွှေ့ရှူ ထွက်သွားကြလေသည်။

## ဆုထူးပန်ငါးဦး

သဌေးအထံ၌ ဝေယျာဝစ္စကြီးငယ် ပြုတတ်သည့် "ပုဏ္ဏ" အမည်ရှိသည့် ကျွန်တယောက်သာ ကျန်ရစ်၏။

ဤအိမ်တွင် ပုဏ္ဏနှင့်တကွ သဌေးကတော်၊ သဌေးသား၊ သဌေးချွေးမ ဤငါးယောက်သာ ကျန်ခဲ့၏။

WWW.DHAMMARANSI.COM



ထိုငါးယောက်တို့သည် မြေတွင်း၌ သိုမှီးထားသော စပါးတို့ကို စားကြရ၏။

ထိုစပါးတို့ကုန်လျှင် နံရံ၌ကပ်ထားသော မြေကြီးကိုခွာ၍ ရေဖြင့်ဆွတ်ပြီး ထိုနံရံမှ ရသောစပါးဖြင့် မျှတ၍ စားကြရ၏။

ထိုနံရံမှ ခွာ၍ရသော စပါးတို့ ကုန်သည့်တိုင်အောင်ပင် မိုးသည် ခေါင်နေသေး၏။

ထိုအခါသဋ္ဌေးကတော်သည် နံရံမှစပါးမကုန်မီက ကြိုတင်စီမံ၍ နံရံအောက်ခြေ၌ကျနေသော မြေတို့ကိုယူ၍ ရေဖြင့်စိမ်ပြီး တကွမ်းစား (တပြည်)မျှသော ဆန်ကိုပြုလုပ်၍ အိုးတခု၌ထည့်ပြီး လုံစွာပိတ်၍ မြေကြီးထဲ၌မြှုပ်ထား၏။

တနပ်စာသာ ဝဝစားပါရစေ

နံရံမှစပါးများသည် စား၍ကုန်၏။ ထိုနေ့၌ သဋ္ဌေးသည် မင်းထံ အခစားဝင်၍ ပြန်လာရာမှ-

"ရှင်မ၊ စားစရာများ ရှိသသား သိပ်ဆာတာပဲ"ဟုပြော၏။ သဋ္ဌေးကတော်က "ဆန်တကွမ်းစား လောက်တော့ ရှိပါသေးသည်"ဟုပြော၏။

"သဋ္ဌေးက "ဘယ်မှာရှိတော့လို့လဲ"ဟုထပ်မေး၏။

"မြေကြီးမှာ မြှုပ်ထားပါတယ်"

"ဒါဖြစ်ရင် အဲဒါမြန်မြန်ချက်စမ်းပါ"

'ထမင်းမချက်ပဲ ယာဂုကျိုလိုက်ရင် နှစ်နပ်စာရမယ်၊ထမင်းချက်ရင်တော့ တနပ်စာပဲစားရမယ်၊ ဘာကိုချက်ရမလဲ"

"ရှင်မ၊ ထမင်းတနပ်ကို ဝဝစားပြီးမှ သေမယ်၊ ဆန်ကို ပြုတ်မနေပါနဲ့."

WWW.DHAMMARANSI.COM



သဋ္ဌေးကတော်သည် မြေကြီး၊မှဆန်ကိုတူးဖော်၍ ထမင်းကို ချက်ပြီး ငါးပိုဘပို ပိုကာ သဋ္ဌေးအတွက် ထမင် တပုံကို ခူးပြီး ရှေ့မှာ လာထား၏။

## သဒ္ဓါတရား ကဲလွန်ပြားသော်

ထိုခဏ၌ ဂန္ဓမာဒနတောင်မှ အရှင်ပစ္စေကဗုဒ္ဓါ တပါးသည် နိရောဓသမာပတ်မှ ခုနစ်ရက်မြောက်သော နေ့၌ ထတော်မူ၏။

(နိရောဓသမာပတ်ကိုခုနစ်ရက်တိုင်တိုင်ဝင်စားနေစဉ် အတွင်း သမာပတ်၏အစွမ်းဖြင့်ဆာလောင်မွတ်သိပ်ခြင်း မရှိချေ။)

သမာပတ်မှ ထသည့်အခါမူကား ဆာလောင် မွတ်သိပ်ခြင်း အားကြီး၍ ဝမ်းရေအပြဉ်ကို လောင်သကဲ့သို့ဖြစ်၏။ထို့ကြောင့် ပစ္စေကဗုဒ္ဓါ စသော အရိယာတို့သည် ဆွမ်းရမည့် အရပ်သို့ ကြည့်ရှု၍ကြွသွားတတ်ကြ၏။ထိုနေ့၌လှူရသောသူတို့မှာ အမှတ်မဲ့ တပါးပါးသော အရာဌာနနှင့် ပြည့်စုံခြင်းကို ရကြ၏။

ထို့ကြောင့် ထိုအရှင်ပစ္စေကဗုဒ္ဓါသည် ဒိဗ္ဗစက္ခုအဘိဉာဏ် ဖြင့် ကြည့်ရှုတော်မူရာတွင် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ငတ်မွတ်ခေါင်း ပါးသော ဘေးသည် ဖြစ်နေ၏။သဋ္ဌေးအိမ်၌လည်း ဆန်တကွမ်း စားကို လှူငါးယောက်စားရန် ချက်ထား၏။

ထိုသူတို့သည် သဒ္ဓါတရားရှိပါသလော၊ငါ့အားလှူဒါန်းခြင်း ကို ပြုခြင်းငှာ စွမ်းနိုင်ပါသလောဟု ကြည့်ရှု၏။

ထိုသူတို့၏သဒ္ဓါတရားရှိသည့်အဖြစ်ကိုလည်းကောင်း၊ အရှင် ပစ္စေကဗုဒ္ဓါအား ထောက်ပံ့ခြင်းပြုရန် စွမ်းနိုင်သည့် အဖြစ်ကို မြင်၍ သပိတ်သင်္ကန်းကိုယူပြီး သဋ္ဌေးကြီး၏ ရှေ့တံခါးပေါက်၌ ရပ်လျက်သာ ကိုယ်တော်ကို ပြတော်မူ၏။

WWW.DHAMMARANSI.COM





## သဒ္ဓါမှုရှိလျှင် ဘယာကိုမကြောက်

ထိုသဌေးသည် ရှင်ပစ္စေက ဗုဒ္ဓါကို မြင်၍ ကြည်ညိုလှသဖြင့် စဉ်းစား၏။ ရှေးက ငါမလှူခဲ့သဖြ ၊ ဤသို့ ဆာလောင် မွတ်သိပ်သောဘေးကို ကြုံရ မြင်ရ၏။ စင်စစ် ဤထမင်းသည် ငါ့အသက်ကို တရက်မျှ သာလျှင် စောင့်ရှောက်နိုင်သည်။ အရှင်ပစ္စေကဗုဒ္ဓါကို လှူရသည့် အလှူသည် များစွာကုန်သောကမ္ဘာ ကုဋေတို့၌ ငါ၏ စီးပွားချမ်းသာကို ဆောင်နိုင်ပေလိမ့်မည်။

တတိယအကြိမ်

WWW.DHAMMARANSI.COM



ဤသို့နှလုံးသွင်း၍စားမည့်ဆဲဆဲထမင်းခွက်ကိုထား၍ အရှင်ပစ္စေကဗုဒ္ဓါထံချဉ်းကပ်ပြီး ငါးပါးသောတည်ခြင်းဖြင့် ရှိခိုးပြီး အိမ်သို့ပင့်ခေါ်စေ၏။

လှေကားရင်းတွင် ရွှေဖြင့် ပြုလုပ်ထားသော ခြေဆေးခုံ၌ ရပ်တော်မူစေပြီး ခြေတို့ကိုဆေးပေး၍ အရှင်မြတ်ကို အိမ်ပေါ်သို့ ပင့်ခေါ်ကာ မြတ်သောနေရာ၌ သီတင်းသုံးတော်မူစေပြီး ထမင်းခွက်ကိုယူစေ၍ ဆွမ်းကိုလောင်းလှူလိုက်၏။

ဆန်ဘပြည့်ချက်၍ ငါးပုံဘပုံဝေစုမှ ထမင်းတဝက် ကျန်လျှင် အရှင်ပစ္စေကဗုဒ္ဓါသည်လက်ဖြင့်သပိတ်ကို ပိတ်၏။

ထိုအခါ သဌေးက-

"အရှင်ဘုရား တကမ်းစားဆန်ဖြင့် ငါးယောက်စားရန်ချက်သည့် ထမင်းတွင် ဤဘယောက်စာမျှကို ထက်ဝက်ခွဲခြင်းငှာ မသင့်ပါ။ အကျွန်ုပ်အား ဤပစ္စုပ္ပန်အတွက် ချီးမြှင့်ခြင်းကို ပြုတော်မမူပါနှင့် အားလုံးငင် လှူပါရစေ၊ လှူလိုပါသည်"ဟု လျှောက်ထား၍ တကိုယ်စာဖြစ်သော ဆွမ်းအားလုံးကို လှူပြီးနောက် ဆုတောင်းခြင်းကိုပြု၏။

"အရှင်ဘုရား၊ ဖြစ်လေရာ ဖြစ်လေရာ အရပ်၌ ဤသို့သော ငတ်မွတ်ခြင်းဘေးကို မမြင်ရလိုပါ။ ယနေ့မှစ၍ ဇမ္ဗူဒိပ် ကျွန်းအလုံး၌ နေကြသော သူတို့အား မျိုးစေ့ထမင်းကို ပေးစွမ်းနိုင်သည် ဖြစ်ရပါလို၏။

မိမိလက်ဖြင့် အမှုကိစ္စပြုလုပ်၍ အသက်ကိုမမွေးရပါလို၊ တထောင့်နှစ်ရာ ငါးဆယ်သော ကျီတို့ကိုရှင်းလင်းပြီး ခေါင်းလျှော်၍ထိုကျီတို့၏ တံခါးဝ၌ ထိုင်၍ကြည့်သောအခါ၌သာလျှင် တပည့်တော်၏ ကျီအားလုံးတို့၌ သလေးနီစပါးအယဉ်တို့သည် ကျ၍ ပြည့်စေကုန်သတည်း။

တတိယအကြိမ်

WWW.DHAMMARANSI.COM



ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌လည်း ဤမယား၊ ဤသား၊ ဤချွေးမ ဤကျွန်တို့နှင့်အတူတကွ တလုံးတစည်းတည်း ဖြစ်ကြပါစေသတည်း။

ဤသို့ ဆုတောင်းခြင်းကိုပြု၏။

## သဌေးကတော်အလှူ

**သဌေးကတော်သည် သဌေး၏ ဆွမ်းအလှူကို ကြည်ညို လျက်က-**

**"ငါ့လင် ဆာလောင်မွတ်သိပ်ခြင်း နှိပ်စက်ပြီး နေသည်ကို ကြည့်လျက် ငါစားဖို့မသင့်"ဟု ကြံစည်ပြီး မိမိအဖို့ ဝေပုံကို ပစ္စေကဗုဒ္ဓါအား လှူ၍ ဆုတောင်းခြင်းကိုပြု၏။**

"အရှင်ဘုရား၊ ဖြစ်လေရာ ဘဝသံသရာအဆက်ဆက်၌ ယခုအခါကဲ့သို့ ဆာလောင် မွတ်သိပ်သောဘေးကို မတွေ့ကြုံ မမြင်ရပါလို၊ ထမင်းအိုးကို ရှေ့တွင်ထား၍ အလုံးစုံသော ဇမ္ဗူဒိပ် ကျွန်းသူကျွန်းသားတို့အား ထမင်းကိုပေးဝေသော်လည်း တပည့်တော်မ ထိုနေရာမှ မထမချင်း ထမင်းအိုးကိုခူး၍ယူသောနေရာ၌ ပြည့်မြဲတိုင်းပြည့်ပါစေသတည်း။

ဤလင်သည်လည်းကောင်း၊ ဤသားသည်လည်းကောင်း၊ ဤချွေးမသည်လည်းကောင်း၊ ဤကျွန်သည်လည်းကောင်း ဖြစ်လေရာဘဝတိုင်း၌ အတူတကွ ဖြစ်ပါစေသတည်း။

**သဌေးသားသည် မိမိစားရန်ထမင်းကို ပစ္စေကဗုဒ္ဓါအား လှူ၍ ဆုတောင်းပြန်၏။**

"အရှင်ဘုရား၊ ဤနေ့မှစ၍ ဤသို့ သဘော၌ကုန်သော ငတ်မွတ်ခြင်းဘေးကို မတွေ့ကြုံ မမြင်ရပါလို။

တပည့်တော်သည် အသပြာတထောင် ဝင်သော အိတ်တလုံးကို လွယ်၍ ဇမ္ဗူဒိပ် ကျွန်းသူ ကျွန်းသား အားလုံးတို့အား အသပြာကို

WWW.DHAMMARANSI.COM



ယူကာယူကာပေးသော်လည်း ဤအသပြာတထောင်ဝင်သော အိတ်တလုံးသည် ပြည့်မြဲတိုင်းသာလျှင် ပြည့်ပါစေသတည်း။

ဤမိ၊ ဤဘ၊ ဤမယား၊ ဤကျွန်တို့သည် ဘဝဆက်တိုင်း အတူတကွ ဖြစ်ပါစေသတည်း။

**သဌေး၏ ချွေးမသည်လည်း မိမိ၏အစာထမင်းကို ပေးလှူပြန်၍ ဆုတောင်း၏။**

ဤဘဝမှစ၍ ဤသို့သော ငတ်မွတ်ခြင်းဘေးကို မတွေ့မကြုံ မမြင်ရပါလို၊တပည့်တော်မသည် စပါးတောင်းတခုကိုရှေ့တွင်ထား၍ ဇမ္ဗူဒိပ်ကျွန်းသူကျွန်းသား အားလုံးတို့အား မျိုးစေ့စပါးကို ထင်တိုင်း ပေးသော်လည်း မကုန်နိုင်ပါစေသတည်း။

ဖြစ်လေရာဘဝတိုင်း ဤယောက္ခမနှစ်ပါး၊ ဤလင်၊ဤသားကျွန်တို့သည် အတူတကွ ဖြစ်ပါစေသတည်း။

**ကျွန် ပုဏ္ဏသည်လည်း မိမိဝေစုရသော ထမင်းကိုပေးလှူ၍ ဆုတောင်းပြန်၏။**

ဤကိုယ်အဖြစ်မှစ၍ ဤသို့သော ငတ်မွတ်ခြင်းဘေးကို မကြုံ မတွေ့ မမြင်ရပါလို။

အလုံးစုံသောဤသခင်တို့နှင့်အတူတကွဖြစ်စေကုန်သတည်း။ တပည့်တော် လယ်ထွန်သည့်အခါ လက်ျာဘက်မှ ထွန်သွားသုံးချောင်း၊ လက်ဝဲဘက်မှ ထွန်သွားသုံးချောင်း၊ အလယ်၌ ထွန်သွားတချောင်း၊ဤသို့ ထွန်သွား ခုနစ်ချောင်း သစ်သားထင်းအတိုင်း အရှည်ရှိသော ခုနစ်ခု ခုနစ်ခုကုန်သော ထွန်ရေးတို့ သွားစေကုန်သတည်း။

(မှတ်ချက်) ထိုကျွန်ပုဏ္ဏသည် ထိုနေ့၌ စစ်သူကြီးအရာကို လိုချင်တောင်တလျှင် ရနိုင်သည် ဖြစ်သော်လည်း မိမိ အရှင်

WWW.DHAMMARANSI.COM


သခင်တို့ကို ချစ်သဖြင့် ဤသခင်တို့နှင့်တကွ ဖြစ်ပါစေသတည်း ဟု ဆုတောင်းခြင်း ဖြစ်သည်။

ဤဆုထူးပန် ငါးဦးတို့၏ဆုတောင်းကြသည့် စကားအဆုံး၌ အရှင်ပစ္စေကဗုဒ္ဓါက "ဤသို့ ဆုတောင်းတိုင်း ပြည့်စုံစေသတည်း"ဟု အမိန့်တော်ရှိပြီး....

> ဣစ္ဆိတံ၊ အလိုရှိအပ်သော။ ပတ္ထိတံ၊ တောင့်တအပ်သော စီးပွားချမ်းသာ မင်္ဂလာတရားတို့သည်။ တုယှံ၊ သင်တို့အား။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံစေသတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သင်္ကပ္ပါ၊ အကြံတို့သည်။ စန္ဒော ပန္နရသော ယထာ၊ ဆယ့်ငါးရက်ထွန်းသော လပြည့်ဝန်းကဲ့သို့။ ပူရေန္တု၊ ပြည့်စုံစေကုန်သတည်း။
>
> ဣစ္ဆိတံ ပတ္ထိတံ၊ အလိုရှိအပ် တောင့်တအပ်သော ဣဋ္ဌာရုံအပေါင်းသည်။ တုယှံ၊ သင်တို့အား။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံစေသတည်း။ သဗ္ဗေ သင်္ကပ္ပါ၊ အလုံးစုံသော အကြံတို့သည်။ မဏိဇောတိ ရသော ယထာ၊ အလိုဟူသမျှကို ပြီးစေနိုင်သော မဏိဇောတိရသ် ကျောက်မျက်ရတနာကဲ့သို့။ ပူရေန္တု၊ ပြည့်စုံစေကုန်သတည်း။

အရှင်ပစ္စေကဗုဒ္ဓါသည် ဤနှစ်ဂါထာတို့ဖြင့် ဆုပေးတော်မူ၍ ဝမ်းမြောက်ခြင်း ဖြစ်စေပြီးနောက်....

ငါသည် ဤသူတို့၏စိတ်ကို ကြည်ညိုစေခြင်းငှာ ပြုသင့်သည်ဟု ကြံ၍....

WWW.DHAMMARANSI.COM



ဂန္ဓမာဒနတောင်သို့တိုင်အောင် ဤသူတို့သည် ငါ့ကိုဖူးမြင်စေကုန်သတည်းဟု အဓိဋ္ဌာန်တော်မူပြီး ကောင်းကင်ခရီးဖြင့်ကြွသွားတော်မူ၏။

ထိုသူတို့သည် အရှင်ပစ္စေကဗုဒ္ဓါကို ဖူးမြင်လျက်ပင် နေကုန်၏။

ထိုပစ္စေကဗုဒ္ဓါသည် ကြွ၍ ထိုဆွမ်းကို ငါးရာသော ပစ္စေကဗုဒ္ဓါတို့နှင့်တကွ ခွဲခြမ်းဝေပြန်၏။

ထိုဆွမ်းသည် ထိုအရှင်ပစ္စေကဗုဒ္ဓါ၏ အာနုဘော်ကြောင့် ငါးရာသော ပစ္စေကဗုဒ္ဓါတို့အား သုံးဆောင်လောက်၏။

ထိုသူတို့သည် ကြည့်လျက်သာလျှင် သဒ္ဓါကြည်ညိုစိတ် ပိုမိုပွားများကြရကုန်၏။

## ဆာလွန်းသည့်ဒဏ် မခံနိုင်ရှာ

ညနေချမ်းရောက်လျှင် သဌေးသည် အလွန် ဆာလွန်းလှ၍ သဌေးကတော်အား-

"ထမင်းအိုးထဲမှာ ချီးကပ်ကလေးများ မကျန်ဘူးလား" ဟု မေး၏။

သဌေးကတော်သည် ထမင်းအိုးကို ဆေးထားသည်ကို သိလျက် မရှိဟူ၍မပြောသေးပဲ ထမင်းအိုးကို ဖွင့်၍ပြမည်ဟု ထ၍ ထမင်းအိုးထားရာသို့သွားပြီး ထမင်းအိုးကို ဖွင့်လိုက်လျှင် ထမင်းအိုးထဲ၌ မုလေးငုံအဆင်းနှင့်တူသော ထမင်းဖြင့်ပြည့်၍ ထမင်းအိုးစလောင်းဖုံးသည်ပင် အပေါ်သို့ကြွနေ၏။

သဌေးကတော်သည် ထိုအခြင်းအရာကို မြင်၍ ဝမ်းသာအားရပင်-

WWW.DHAMMARANSI.COM



"အရှင်သခင် ထစမ်းပါ၊ ထမင်းအိုးကိုဆေးပြီး စလောင်း ဖုံးထားခဲ့သည်၊ ယခုထမင်းအိုးထဲတွင် ဖြူဖွေးသော ထမင်းဖြင့် ပြည့်နေသည်"ဟုပြော၏။

ကောင်းမှုတို့မည်သည်ကား ပြုသင့်ပြုအပ်လှ၏။ အလှူ မည်သည်ကား ပေးအပ်သည်နှင့် ယှဉ်၏။ ပေးအပ်သည့် အတိုင်း ဖြစ်လာ၏။

"သဌေးမင်းထပါ၊ စားတော်ခေါ်ပါ၊ သားကလေး လာ စားလှည့်"ဟု ခေါ်၍ သားအဖနှစ်ယောက်ကို ခူး၍ကျွေး၏။

သားအဖနှစ်ယောက် အဝစားပြီး ချွေးမနှင့် ကျွန်ပုဏ္ဏတို့ကို ခူး၍ကျွေးပြန်၏။

ထမင်းခူးရာတွင် တကြိမ်ခူးလိုက်တိုင်း "ယောက်မ" ရာသာ ထင်၏၊ လျော့၍မသွား။

ထိုနေ့ပင်လျှင် စပါးကျီတို့တွင်လည်း စပါးတို့ ပြည့်ကုန်၏။

(သဌေးမင်းအိမ်၌ ထမင်းဖြစ်နေသည်၊ မျိုးစပါးနှင့်ထမင်း တို့ လိုချင်သူတို့လာယူကြလော့)ဟု ပြည်တွင်း၌ ကြေးကြော် ခြင်းကိုပြုစေ၏။

ဇမ္ဗူဒိပ်ကျွန်းသားအားလုံးတို့သည် သဌေးအိမ်မှ မျိုးစပါး နှင့် ထမင်းတို့ကိုယူကြ၏။ ထိုသဌေးကိုမှီ၍ အသက်ရှင်ကြရ သည် ဖြစ်သတည်း။

## ဆုတောင်းဘက် ငါးဦး

ထိုသူတို့သည် ထိုဘဝ၌စုဘေ၍ နတ်ပြည်လူ့ပြည်တို့၌ ကျင် လည်ကြရပြီး ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ ဘဒ္ဒိယ မြို့တွင် သဌေးမျိုး၌ဖြစ်၏။

WWW.DHAMMARANSI.COM



ဆုတောင်းဘက် ငါးဦးတို့သည် အတူတကွသာ ဖြစ်ကြ၏။ မေဏ္ဍကသဌေး၏ ရှေးက ပြုခဲ့ဖူးသော ကောင်းမှုကြောင့် ရွှေဆိတ်ရုပ် ပဒေသာပင်တို့သည် ပေါက်ကြ၏။

မိမိတို့ကောင်းမှုကို စမ်းသပ်ကြခြင်း

တနေ့သ၌ မေဏ္ဍကသဌေးသည် မိမိကောင်းမှုကို စမ်းသပ်လို၍ တသောင့် နှစ်ရာ့ ရှစ်ဆယ်သော ကျီကြတို့ကို ရှင်းလင်းစေပြီး အထက်သို့မျှော်ကြည့်၏။ နီမြန်းသောသလေးစပါးတို့ဖြင့် ကျီကြအားလုံး ပြည့်ကြ၏။

မယားကိုလည်းကောင်း၊ သားကိုလည်းကောင်း၊ ကောင်းမှုကံကိုစမ်းသပ်စေ၏။

မယားသည် ဆန်တကွမ်းစား (တပြည်ချက်)ကို ချက်၍ ရွှေဇွန်းကိုကိုင်ပြီး ထမင်းအလိုရှိသူတို့ လာယူကြကုန်ဟု ကြေငြာ၍ ပေးလှူ၏။ တနေ့လုံး ခပ်ပေးသော်လည်း ဇွန်းရာမျှသာ ထင်၏။ ထိုသဌေးကတော်သည် ရှေ၌ လက်ဝဲလက်ဖြင့် ထမင်းအိုးကိုလည်းကောင်း၊ လက်ျာလက်ဖြင့် ဇွန်းကိုကိုင်၍ ဆွမ်းကို ပေးလှူအပ်သည့် ကောင်းမှုကြောင့် လက်ဝဲလက်ဖဝါး ပြည့်မျှ ပဒုမ္မာပန်းပုံသည် ပေါ်၍ လက်ျာလက်သည် လဝန်းပုံပေါ်၏။ လက်ျာခြေပြင်၌ လဝန်းလက္ခဏာပုံ ပေါ်ပြီး၊ လက်ဝဲ ခြေအပြင်၌ ပဒုမ္မာပန်းပုံ ပေါ်၏။ ထို့ကြောင့် သဌေးကတော်၏ အမည်သည် "စန္ဒပဒုမ္မာ"ဟူသော အမည်တွင်၏။

သဌေးသားသည် အသပြာ "တထောင်အိတ်ကိုယူ၍ အလိုရှိသူတို့ လာကြကုန်ဟု ခေါ်၍ လာတိုင်းလာတိုင်းသော သူတို့၏ ခွက်တို့ကို အပြည့်ထည့်ပေး၏။ အိတ်ထဲ၌ ရှိမြဲတိုင်း ဒ သပြာ တဆောင်ရှိနေ၏။

WWW.DHAMMARANSI.COM



ချွေးမသည် စပါးတောင်းကိုယူ၍ လဟာပြင်၌ နေလျက် မျိုးစေ့ အလိုရှိသူတို့ လာ၍ ယူကြဟု လာတိုင်းလာတိုင်းသော သူတို့အား ယူခဲ့သောခွက်တို့ကို အပြည့်ပေး၏။ စပါးတောင်းသည် ပြည့်မြဲတိုင်း ပြည့်၏။

ကျွန်ပုဏ္ဏသည် ထမ်းပိုးရွှေကြိုးတို့ဖြင့် နွားတို့ကိုဆင်၍ ရွှေနှင်တံကိုကိုင်ပြီး ဦးချိုတို့၌ရွှေအိတ်တို့ကိုစွပ်၍ လယ်တောသို့မောင်းနှင်၏။

လယ်ထွန်ရာ ခုနစ်ကြောင်းသော ထွန်ရေးတို့သည် ဖြစ်၏။

ထိုငါးဦးကုန်သော သူတို့သည် ကြီးကျယ် မြင့်မြတ်သော ဘုန်းရှိသော သူတို့ဖြစ်ကြ၏။



WWW.DHAMMARANSI.COM



## တိတ္တိတို့က တားမြစ်ခြင်း

မြတ်စွာဘုရားသည် ခြောက်ယောက်သောသူတို့၏ သောတာပတ္တိဖိုလ်သို့ ရောက်နိုင်မည့် အကြောင်းခံ ပြည့်စုံသည်ကို မြင်တော်မူ၍ ဘဒ္ဒိယမြို့အနီး မြတ်လေးတောသို့ ကြွလာတော်မူ၏။

မေကဏ္ဍ သင်္ဘေးသည် မြတ်စွာဘုရား ကြွလာသည်ကို ကြားလျှင် ခရီးဦးကြိုဆိုရန်-သင်္ဘေးကတော်၊ သား၊ ချွေးမတို့နှင့် အတူ မြေး ဝိသာခါကို လက်ဆွဲ၍သွား၏။

လမ်းတွင် တိတ္ထိတို့က မြတ်စွာဘုရား၏ ကျေးဇူးမဲ့စကားကို ပြော၍ တားမြစ်ကြ၏။

မြတ်စွာဘုရားသည် အစဉ်သောတရားစကားကို ဟောကြားတော်မူလျှင် သင်္ဘေးသည် သောတာပတ္တိဖိုလ်သို့တည်၏။

မေကဏ္ဍ သင်္ဘေးသည် မြတ်စွာဘုရားအား လျှောက်ထား၏။

''အရှင်မြတ်ဘုရား...၊ တပည့်တော်သည် မြတ်စွာဘုရားသခင်အား ခရီးဦးကြိုဆိုရန် အလာလမ်းတွင် တိတ္ထိတို့နှင့် တွေ့၍ အရှင်မြတ်၏ ကျေးဇူးမဲ့စကားကို ပြောဆို၍ တားမြစ်ပါသေးသည်ဘုရား''

ဟုလျှောက်ကြား၏။

ထိုအခါမြတ်စွာဘုရားသခင်က-

''သင်္ဘေးကြီး သတ္တဝါတို့ သည်ကား မျှားစွာသော မိမိအပြစ်တို့ကို မမြင်ကြ၊ အပြစ်ရှိသော သူတပါးတို့ကို အပြစ်ကိုရှာ၍ အရပ်လေးမျက်နှာ၌ ဖွဲ့ပြာကဲ့သို့ လေ၌လွှင့်ကြ၏''ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏။

ဂာဒါသဓာ့ကျိမ်

WWW.DHAMMARANSI.COM



(၂၂) သုဒဿံ ဝဇ္ဇမညေသံ၊
အတ္တနော ပန ဒုဒ္ဒသံ။
ပရေသဉ္ဟိ သော ဝဇ္ဇာနိ၊
ဩပုဏာတိ ယထာ ဘုသံ၊
အတ္တနော ပန ဆာဒေတိ
ကလိံဝ ကိတဝါ သဌော။

(၂၅၂) သတ္တဝါတို့သည် သူတပါးတို့၏ အနုမြူမျှသော အပြစ်ကိုမြင်လွယ်ကြ၏။ မိမိ၏ များစွာသော အပြစ်ကိုမြင်နိုင်ခဲ၏။ ထိုသူတို့သည်သူတပါး၏ အပြစ်ကိုဖော်ပြ၍ စပါးဖျဉ်းကို လေ၌လွှင့်သကဲ့သို့လွှင့်လေ့ရှိ၏။

စဉ်းလဲသော ငှက်မုဆိုးသည်မိမိကိုယ်ကို သစ်ခက်ဖြင့်ဖုံးလွှမ်း၍ငှက်တို့ကိုသတ်ရန်ကြိုးစားသကဲ့သို့မိမိ၏အပြစ်ကိုမူကားဖုံးလွှမ်းတတ်ကြ၏။

ဒေသနာတော်၏ အဆုံး၌ မေဏ္ဍက သဋ္ဌေးကြီး၊ သဋ္ဌေးကတော်စန္ဒပဒုမာ၊ ချွေးမသုမနဒေဝီ၊ ကျွန်ပုဏ္ဏ၊ ခုနစ်နှစ်အရွယ် မြေးဝိသာခါ စသည် များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ မလဝင် ဆယ်ခုမြောက် မေဏ္ဍက သဋ္ဌေး၏ဝတ္ထုနှင့် ခေတ်မီဓမ္မပဒ စတုတ္ထတွဲ ဒါန အရေးနှင့် မေဏ္ဍက သဋ္ဌေး စာမျက်နှာ-၃၃၆ တို့ကို မှီငြမ်းပြုပါသည်။)

* * *

WWW.DHAMMARANSI.COM

## ကာကဝလ္လိယ ဝတ္ထု

ရာဇဂြိုဟ်ပြည်တွင် ... လွန်ဆင်းရဲသည့် ပုဏ္ဏားလင်မယား နှစ်ဦးရှိ၏။

လင်ပုဏ္ဏားသည် နံနက်စောစောတောသို့သွား၍ထင်းခွေပြီး မြို့တွင်ရောင်းချ၍ ကွမ်းစား(တပြည်) မျှသောဆန်ကို ရသဖြင့် ... ညကာနီးမှ အိမ်သို့ရောက်၍ ထိုဆန်ကို နံနက်စာတဝက် ...စာတဝက်ထားပြီး စားကြရ၏။

မယားပုဏ္ဏေးမသည်လည်း တပါးအိမ်၌ စပါးထောင်း ဆန် ...ပုံး၍ ရသမျှသောငွေဖြင့်ဟင်းလျာဝယ်ပြီး ကျန်ငွေကလေး ကို စုပြီးမှ အဝတ်အစားဝယ်ဝတ်ကြရ၏။

သူတို့အိမ်၌ ထမင်းကျန် ဟင်းကျန်မျှ မရှိသောကြောင့် ကျီး ငှက်တို့ပင် မနားကြ။ ကျီးငှက်တို့အစောင့်လွတ်သဖြင့် ကာကဝလ္လိယ လင်မယားဟုခေါ်ကြ၏။

## အရှင်သာရိပုတ္တရာ

တနေ့သောအခါအရှင်သာရိပုတ္တရာသည် နိရောဓသမာပတ်မှ ထတော်မူ၍ ချီးမြှောက်အပ်သော ဝေနေယျတို့ကို ကြည့်တော်မူလျှင် ကာကဝလ္လိယ လင်မယားကိုမြင်၍ ဤလင်မယားသည် ရှေးကပြုခဲ့ဖူးသော ကံဟောင်းရှိကြ၏၊ တခုသောမကောင်းမှု နှိပ်စက်သောကြောင့် ပြာဖုံးသော မီးခဲကဲ့သို့ မထွန်းလင်းနိုင်ပဲ ရှိသည်။

**တစ်ပိုဒ်ထောက်**

WWW.DHAMMARANSI.COM

# ကာကဝဏ္ဏိယ
## ဝတ္ထု



တတိယအကြိမ်

WWW.DHAMMARANSI.COM



ငါသွား၍ ချီးမြှောက်လျှင် ဒိဋ္ဌဓမ္မအကျိုး ခံစားရပေလိမ့်မည်ဟု ဣရိယာဉာဏ်တော် သက်သဖြင့် နံနက်အခါ၌ ဆွမ်းခံကြွလာတော်မူ၏။

"မယား ကာက" သည် ထမင်းချက်ပြီး "လင် ကာက" ပြန်အလာ လမ်းမသို့မျှော်နေစဉ် သပိတ်ပိုက်၍ ရပ်လာသော အရှင်သာရိပုတ္တရာကိုဖူးတွေ့ရ၏။

ကြည်လင်သော သဒ္ဓါတရားရှိ၍ စားမည့်ဆဲဆဲ ဆွမ်းတို့ကို လောင်းလှူပြီး "ဒုက္ခမှ လက်ငင်း ကင်းလွတ်ရပါလို၏" ဟု ဆုတောင်း၏။

အရှင်သာရိပုတ္တရာလည်း "တောင်းသော ဆုဖြင့် ပြည့်စေသော်" ဟု ဆုပေး၍ ကြွတော်မူ၏။

"လင် ကာက" ပြန်လာလျှင်အကြောင်းအရာကိုပြောကြား၍ လင်မယားနှစ်ဦးစလုံး ဝမ်းမြောက်ဝမ်းသာ ရှိကြသတည်း။

## ဗိမ္ဗိသာရမင်းကြီး

ထိုနေ့၌ဗိမ္ဗိသာရမင်းကြီးသည် ရထားစီး၍မြို့ကိုလှည့်လည်၏။

သုသာန်၌ တံကျင် လျှို၍ထားသော ရာဇဝတ်သား တဦးသည် လက်ဝါးကပ်တိုင်တွင် မသေသေးပဲ ရှိနေ၏။

မင်းကြီးလာသည်ကို မြင်လျှင်မင်းကြီးထံ "ထမင်းတနပ်စာနှင့် ရေတမှုတ်မျှ မသေမီ သနားတော်မူပါ" ဟုလျှောက်၏။

မင်းကြီးက "နန်းတော်သို့ ရောက်လျှင် ပို့လိုက်မည်" ဟု အလွန်သနားလှသဖြင့် ကတိပေး၍သွား၏။

နန်းတော်သို့ရောက်လျှင် ကိစ္စအထွေထွေနှင့် မေ့၍သွားပြီး မိုးချုပ်မှ သတိရ၏။

WWW.DHAMMARANSI.COM



မင်းချင်းတို့အား ခေါ်၍ထမင်းပို့ရန် စေခိုင်းသော် မည်သူမျှမသွားဝံ့ကြကြောင်း လျှောက်၏။

## ဒီဃတာလဘီလူး

မည်သူမျှ မသွားဝံ့သောအကြောင်းမှာ သုသာန်သို့ထွက်ရာ မြို့တံခါးအပြင်ဘက်ထန်းပင်နှစ်ပင်၌နေသော ဒီဃတာလအမည်ရှိသည့် ဘီလူးကြီးရှိ၏။

ရှေးယခင်ကပင် နေဝင်သည်မှ အရုဏ်တက်သည့်တိုင်အောင် ထွက်သူဝင်သူတို့ကို အသင်ဖမ်း၍ စားလော့ဟု အပိုင်စားပေးထား၏။

ထို့ကြောင့်မည်သူမှမသွားဝံ့ကြခြင်းဖြစ်၏။

## အသပြာတထောင်ပေးမည်

မင်းကြီးသည် ကတိပျက်မည်စိုး၍ သုသာန်သို့ ထမင်းပို့သွားဝံ့သောသူကို အသပြာတထောင် ပေးမည်ဟု မြို့တွင်းသို့ စည်လှည့်၍ ကြေငြာစေ၏။

မယားကာက ကြားလျှင် ငါသွား၍ပို့မည်ဟု လင်ကာကကို တိုင်ပင်၏။

''လင်ကာက''က ငွေကို မမက်ပါနှင့် ဆင်းရဲသော်လည်း ငါတို့လင်မယား ရှိသမျှကလေးနှင့် စားရသည်မှာ စိတ်ချမ်းသာပါသည်။ သင်အသေခံ၍ ရှာပေးခဲ့သော အသပြာတထောင်ကို ငါအသက်ရှင်လျက် ဘယ်လိုလုပ်ပြီး စားနိုင်ပါမည်နည်းဟု တားမြစ်၏။

WWW.DHAMMARANSI.COM



## ဉာဏ်ရှိသော မယ်ကာက

မယားကာက က မစိုးရိမ်ပါနှင့်၊ ဘီလူး မစားနိုင်အောင် ငါကြံနိုင်ပါသည်ဟု လင်ကာကကို တောင်းပန်၍ စည်လှည့်သူတို့အား....

"ကျွန်တော်မ သွား၍ ပို့ပါမည်။ မင်းကြီးထံ ပို့ပေးပါ" ဟု အသပြာ တထောင်ထုပ်ကို ယူ၍ လင်ကာကကို ပေးအပ်ခဲ့၏။

လင်ကာကလည်း မယား၏ ဉာဏ်ရည် ဉာဏ်သွားကို သိ၍ မာကာမသာဖြင့်ပင် ခွင့်ပြုလိုက်ရ၏။

ဗိမ္ဗိသာရ မင်းကြီးသည် မိမိကတိအတိုင်း ပြည့်စုံတော့မည်ဟု အလွန်ဝမ်းသာသည်။

## သင် ငါ့အစာဖြစ်ပြီ

မင်းကြီးသည် ထမင်းခွက်တွင် ထမင်းကိုထည့်လျက် ရေအိုးနှင့်အတူ ပေး၏။ မယ်ကာကက....

"အရှင်မင်းမြတ်၊ မင်း၏ လက်ဆောင် ပြီသအောင် ဤထမင်းကို ဘုရင်မင်းမြတ်၏ မနောလင်ဗန်းဖြင့် ထည့်၍ သနားတော်မူပါမှ ကျွန်တော်မ ပို့နိုင်ပါမည်" ဟု လျှောက်၏။ မင်းကြီးသည် တောင်းဆိုသည့်အတိုင်း စီစဉ်ပေး၏။

မယ်ကာကသည် မနောလင်ဗန်းကို ရွက်၍ တဘက်ကို ခါးစည်းပြီး ရေခွက်ရေအိုးကို ဆွဲပြီး မြို့တံခါးသို့ သွား၏။

တံခါးဝသို့ ရောက်လျှင် ဒီဃတာလ ဘီလူးသည် ထန်းပင်နှစ်ပင်ကြား၌ ရပ်လျက် ကြီးမားသောခန္ဓာကိုယ်ဖြင့် ကိုယ်ထင်ပြပြီး....

WWW.DHAMMARANSI.COM



"ဟယ် ...မိန်းမ၊ ရပ်လော့....ရပ်လော့၊သင် ငါ့အစာဖြစ်ပြီ" ဟု ကြောက်ဖွယ် အော်ဟစ်၏။ သူဆင်းရဲမ "မယ်ကာက"က မကြောက်မရွံ့ပဲ....

"သင်သည် သူတပါးကို စားခွင့်ရသော်လည်း ငါ့ကိုစားခွင့် မရနိုင်"

"ဘာကြောင့် ငါစားခွင့်မရ ရမည်နည်း၊ နေဝင်မှ အရုဏ် တက်အတွင်း ဤမြို့တံခါးမှ ထွက်သမျှ ငါစားရမည်ဟု မင်းကြီး က အခွင့်ပေးထားသည်ကို သင်မသိသလော"

"အမောင် ဒီဃတာလ သင်သည်လည်း မင်းကြီး၏ အစေ အပါးဖြစ်သည်၊ငါသည်လည်း မင်းကြီး၏တမန်တော်ဖြစ်သည်"

"သင်ပြောသည့်အတိုင်း ငါယုံရမည်လော"

"အမောင် ဒီဃတာလ၊ ငါ့စကားကို မယုံလျှင် ငါ့တွင် ပါသော မင်းကြီး၏ မနောလင်ဗန်းကို ကြည့်လော့"ဟု ဆို၏။

ထိုအခါမှ ဒီဃတာလ ဘီလူးလည်း သက်သေခံ မနော လင်ဗန်းကိုကြည့်၍ မင်းကြီး၏ တမန်တော်ဖြစ်သည်ကို ယုံကြည် သွား၏။

သတင်းစကား မှာကြားပါရစေ

ဒီဃတာလ ဘီလူးသည် ဤမိန်းမကို ရွေးချယ် စေလွှတ် သည်မှာ တမန်တော်၏ အင်္ဂါရပ်နှင့် ပြည့်စုံ၍သာ ဖြစ်ပေမည်။ ငါသည်လည်း သတင်း စကားကို မှာကြား စရာရှိသည် ဟု စဉ်းစားပြီး....

"အသင် တမန်မိန်းမ၊ မင်းကြီးက စေလွှတ်သည် မှန်လျှင် ငါ စားပိုင်ခွင့်မရှိ၊ သင် ဆောင်ရွက်စရာရှိသော ကိစ္စကို ပြီးပြေ အောင် ဆောင်ရွက်ပေတော့"

WWW.DHAMMARANSI.COM



သို့သော် ငါသည်လည်းသင့်ကို သတင်းစကားမှာကြားလိုသည်။ ထိုသုသာန်၏အနီး မန်ကျည်းပင်ကြီးခုနစ်ပင်၌ စောင့်နေသောသုမနနတ်မင်းကြီးရှိပါသည်။

ထိုသုမန နတ်မင်းကြီးအား သင်နတ်မင်းကြီး၏ သမီး ဒီဃတာလ၏ မယားဖြစ်သော ကာဠီနတ်သမီးတွင် ယခုပင် သားကောင်း ရတနာကို မွေးဖွားမြင်ပါကြောင်း ဒီဃတာလက လျှောက်ထားလိုက်ပါသည်ဟု ပြောကြားပေးပါ" ဟူ၍ မှာကြားလိုက်၏။

မယ်ကာကသည် "ကောင်းပြီ"ဟု ဝန်ခံ၍ မနောလင်ဗန်းနှင့် ရေအိုးကိုယူဆောင်ကာ သုသာန်မှ တံကျင်လျှိုထားသော ရာဇဝတ်သားကို ကောင်းမွန်စွာပင် ကျွေးမွေး၍ ရေကိုပါ တိုက်ကျွေးပေး၏။

## သုမန နတ်မင်း၏ဆု

မယ်ကာကသည် ထမ်းဆောင်ရန် တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပြီး မန်ကျည်းခုနစ်ပင် ရှိရာသို့သွား၍ ဒီဃတာလ မှာကြားသော စကားကိုအော်၍ပြော၏။

သုမန နတ်မင်းသည် မင်္ဂလာသတင်းစကားကြား၍ အလွန် ဝမ်းမြောက်လှသဖြင့် ကိုယ်ထင်ပြပြီး....

"မင်္ဂလာစကားကို ငါ့အား သင်ပြောကြားလေသည်။ သင့်ကို ငါဆုပေးမည်။ ငါ့မန်ကျည်းခုနစ်ပင်တွင် တပင်တပင်၏ အရင်း၌ရွှေအိုးနှစ်လုံးစီရှိသည်။ နံနက်အခါလာ၍ တူးဖော်ယူလှည့်လော့"ဟုဆို၏။

မယ်ကာကသည် သုမန နတ်မင်းအား ရှိခိုးလျက် ကောင်းပါပြီဟု ဝန်ခံ၍ ပြန်လာခဲ့၏။

တတိယအကြိမ်

WWW.DHAMMARANSI.COM



## ဒီဃတာလပေးသောဆု

မြို့ဝင်တံခါးဝ ရောက်လျှင် ဒီဃတာလ၏ နေရာ ထန်းပင်ရင်းမှ မေ့လျက်....

"အရှင် ဘီလူးမင်း၊ အရှင် မှာလိုက်သော သတင်းစကားကို အကျွန်ုပ် ပြောကြားခဲ့ပါပြီ"

"အရှင့်ယောက္ခမ သုမန နတ်မင်းက ဝမ်းသာလွန်းလှသဖြင့် မင်္ဂလာသတင်းစကားကို အချိန်အခါမဲ့ပင် ပြောကြားလာပေသည်ဟု ကျွန်တော်မအား ရွှေအိုးတဆယ့်လေးလုံးကို ဆုပေးလိုက်ပါသည်။ နက်ဖြန်လာ၍ တူးယူရန် မှာကြားပါသည်"

ထိုစကားကို ဒီဃတာလကြားလျှင် ငါ့ယောက္ခမဝင် အချိန်အခါမဲ့ မင်္ဂလာသတင်းစကား ပြောကြားလာသည်ကို ဤမျှဆုပေးသည်၊ မှာကြားသူက ပို၍ပင် ပေးထိုက်ပေသည်ဟု စိတ်ကူးမိပြီး....

"အသင် တမန်တော်မိန်းမ၊ မနက်ဖြန် ငါ့ထန်းပင်ရင်း၌လည်း ရွှေအိုးကြီးလေးလုံးကို တူးယူလှည့်သော့"ဟု ပြော၏။

မယ်ကာကသည်း ဝမ်းသာစွာပင်"ကောင်းပါပြီ"ဟုဝန်ခံ၍ ဒီဃတာလဘီလူးအား ရိုသေစွာ နှုတ်ဆက်၍ ပြန်လာခဲ့၏။

## သဒ္ဒေးဘဲ့ထူး ရကြခြင်း

သူဆင်းရဲ မောင်ကာကသည် ဇနီးအတွက် စိုးရိမ် ပူပန်စွာ တဲကုပ်အဝ၌ ထိုင်လျက် ရင်တမမနှင့် မျှော်နေရှာ၏။

ဗိမ္ဗိသာရမင်းနှင့် တကွ မင်းချင်းတို့လည်း ဘယ်သို့သော အဖြစ်အပျက်များ ကြားရမည်နည်းဟု မယ်ကာက ပြန်မည့်လမ်းကို မျှော်မှန်း၍ စောင့်နေကြ၏။

WWW.DHAMMARANSI.COM



မယ်ကာကသည် ရှင်မှူး တက်ကြွစွာပင် မနောသင်ဗန်း အလွတ်ကို ရွက်၍ ခပ်သုတ်သုတ် နန်းတော်သို့ဝင်၏။

ထို့နောက်ဗိမ္ဗိသာရမင်းမြတ်အားရှိသေစွာရှိခိုး၍အကြောင်း မျိုးစုံ အလုံးစုံကို လျှောက်ထား၏။

မင်းကြီးလည်း အလွန် အားရလျက် နံနက်အခါ မင်းချင်း တို့နှင့်အတူ သွားရောက်တူးဖော်ရန် စီစဉ်၍ အမိန့်ချမှတ်၏။

နောက်တနေ့တွင် ရွှေအိုးတို့ကို တူးဖော်ပြီး မင်းရင်ပြင်၌ စုပုံစေပြီး အမတ်ကြီးတို့ကိုတိုင်ပင်တော်မူ၍ ဤမျှလောက်သော ရွှေရတနာရှိက သဌေးဘွဲ့ထူး ပေးအပ်ထိုက်ပေပြီဟု သဌေးတို့ အဆောင်အယောင် ဆောင်းမြဲသောထီးကို ပေးအပ်၍ သဌေး ဘွဲ့ထူး ရလေသတည်း။

ထိုနောက် မင်းကြီးပေးသော သဌေးတဦး၏ အိမ်နေရာ ဟောင်းတွင် ချုံပုတ်ပေါင်းတို့ကို ထွင်၍ တိုက်ဆောက်ရန်မြေကို တူးသော် ရွှေအိုး ငွေအိုးတို့ကို ထပ်မံရရှိ၏။

ကာကဝလ္လိယ သဌေး လင်မယားတို့သည် တနေ့လျှင် ငါးရာ မျှလောက်သော သံဃာတော်မြတ်တို့အား မပြတ် လုပ်ကျွေး လေ၏။

(ဇိနတ္ထပကာသနီမှ)

* * *

WWW.DHAMMARANSI.COM

# ကာဠဝဋ္ဋိယ သင်္ဘေးအကြောင်း

(ကာကဝလ္လိယဝတ္ထုကို ဇိနတ္ထပကာသနီမှဖော်ပြခဲ့ပြီးနောက် ယခုတဖန် မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ (ဒုတိယပိုင်း)၌ ဖော်ပြပါရှိသော ကာဠဝဋ္ဋိယ သင်္ဘေးအကြောင်း အကျဉ်းချုပ်ကို ဥပရိပဏ္ဏာသအဋ္ဌကထာ ၁၊ ဒေဝဒဟသုတ်လာအတိုင်း ဖော်ပြထားသည်ကို အကျဉ်းချုပ် ဖော်ပြအပ်ပါသည်။)

ရာဇဂြိုဟ်ပြည်၌ အလွန်ဆင်းရဲသော ကာဠဝဋ္ဋိယ၏ဇနီးသည် ဟင်းရွက်နှင့်ရောသော ယာဂုချဉ်ကို ပြုတ်၍ထား၏။ ထိုနေ့၌ အရှင်မဟာကဿပ မထေရ်သည် နိရောဓသမာပတ်မှ ထတော်မူပြီး ချီးမြှောက်ရန်ဆင်ခြင်သော် ဆင်းရဲသားကိုမြင်၍ ထိုအိမ်တံခါးဝသို့ ဆွမ်းရပ်တော်မူ၏။

ကာဠဝဋ္ဋိယ၏ဇနီးသည် မထေရ်အားဟင်းရွက်နှင့်ရောသည့် ယာဂုချဉ်အားလုံးကို သပိတ်၌လောင်းထည့် ဆက်ကပ်လှူဒါန်း၏၊ အရှင်မဟာကဿပသည် ကျောင်းတော်သို့ ရောက်လျှင် ထိုယာဂုကို မြတ်စွာဘုရားအား ဆက်ကပ်၏။ မြတ်စွာဘုရားသည် မျှတတော်မူရုံသာ ခံယူတော်မူ၏။ ကျန်သောယာဂုသည် ရဟန်းငါးရာတို့အား လောက်ငပေ၏။ ကာဠဝဋ္ဋိယသည် ဆွမ်းကြွင်းဆွမ်းကျန် တောင်းရန် ထိုနေရာသို့ ရောက်လာသဖြင့် ယာဂုအနည်းငယ်ရခဲ့၏။

အရှင်မဟာကဿပ မေးလျှောက်၍ မြတ်စွာဘုရားက-

''ဤယာဂုရှင် ကာဠဝဋ္ဋိယသည် ခုနစ်ရက်မြောက်၌ သင်္ဘေးဖြစ်၍ ထီးဖြူရလိမ့်မည်''ဟု မိန့်ကြားတော်မူ၏။ ကာဠဝဋ္ဋိယသည် ထိုစကားကိုကြား၍ ဇနီးသည်အား ပြန်ပြော၏။

ဂာတိယအ ၁၅

WWW.DHAMMARANSI.COM



ထိုအခါ၌ ဗိမ္ဗိသာရမင်းသည် မြို့ကိုလှည့်လည်ယင်း ကားစင်တွင် တံကျင်နှင့် နေရသူ ရာဇဝတ်သားအား ပွဲတော်စာထမင်းပို့ရန် ကတိခံခဲ့ပြီး ညချမ်းပွဲတော်စာ ဆက်သသောအခါ သတိရ၍ မြို့အပြင်သို့ ထမင်းပို့နိုင်မည့်သူကို ရှာရန် ဆိုင်ရာဝန်တို့ကို မိန့်ဆို၏။

မြို့ပြင်အရပ်မှာ ကြမ်းကြုတ်သည့် ဘီလူးများ ကျက်စားရာဖြစ်၍ ညဥ့်အချိန်၌ မည်သူမျှ မြို့ပြင်သို့မထွက်ဝံ့သဖြင့် အသပြာထောင်ထုပ်နှင့် မြို့တွင်း၌ လှည့်လည်စေ၏။

ပထမအကြိမ်၊ ဒုတိယအကြိမ် လှည့်လည်ရာ ယူဝံ့မည့်သူမပေါ်ပဲ တတိယအကြိမ်တွင် ကာဠဝဍ္ဍိယ၏ ဇနီးသည် အသပြာထောင်ထုပ်ကို ယူလိုက်လေ၏။

မင်းကြီးထံ ခေါ်သွား၏။ သူမသည် ယောကျ်ားအသွင်ဝတ်ဆင်ပြီး ကိုယ်၌လက်နက်ငါးပါးကို ဖွဲ့ချည်လျက် ပွဲတော်အုပ်ကိုယူဆောင်ကာ ရဲရဲရင့်ရင့်မြို့မှ ထွက်ခဲ့လေ၏။

မြို့ပြင်ရောက်လျှင် ထန်းပင်၌နေသော ဒီဃတာလဘီလူးကိုတွေ့၍ စားမည်ပြုရာ မင်းကြီး၏ တမန်တော်ဖြစ်ကြောင်း သက်သေပြ၍ ပြောသဖြင့် ဘီလူးက တမန်တော်ဖြစ်လျှင် သုမနနတ်မင်းကြီး၏ သမီး ဒီဃတာလဘီလူး၏ ဇနီး ကာဠီနတ်သမီးသည် သားကို မွေးဖွားလေပြီဟု လမ်းတလျှောက်၌ ဟစ်အော် ကြွေးကြော် ပြောကြားပါလေ။ ကြွေးကြော်ခအနေဖြင့် ထန်းပင် ခြေရင်းမှ ရွှေအိုးခုနစ်လုံးကို ယူပါလေဟု ပြော၏။

သူမသည် လမ်းတလျှောက်၌ ဟစ်အော်၍သွား၏။ သုမနနတ်မင်းကြီးသည် နတ်ဘီလူးတို့အစည်းအဝေး၌ထိုင်နေယင်းက ထိုအသံကိုကြား၍ လူသားကိုခေါ်ပြီး သဒ္ဓါကြည်ညိုဖြစ်ရှိ

WWW.DHAMMARANSI.COM


လျက် ဤသစ်ပင်၏ ဘေးပတ်လည် အဝန်းအရိပ် ပျံ့နှံ့ရာအရပ်၌ ရွှေအိုးများရှိကြသည်။

သင့်အား ငါပေးမည်ဟု ပြောဆိုလေ၏။

သူမသည် ကားစင်သို့သွား၍ ရာဇဝတ်သားကို ထမင်းခွံ့၍ ကျွေးလေ၏၊ ပြီးလျှင် ခံတွင်းကို သူမ၏လက်ဖြင့် သုတ်၍ပေးသောအခါ မိန်းမဖြစ်မှန်းသိ၍ ဆံထုံး၌ တအားကိုက်၍ ထားလေ၏၊ သတ္တိကောင်းသော သူမသည် သန်လျက်ဖြင့် မိမိဆံထုံးကို ဖြတ်ထားခဲ့၍ ပြန်ခဲ့၏။

နန်းတော်သို့ ရောက်လျှင် မင်းကြီးအား ဆံတုံးကို သက်သေပြ၍ အဖြစ်အပျက်အားလုံးကို ပြန်ကြား လျှောက်ထားသဖြင့် မင်းကြီးသည် ရွှေအိုးများကို ဆောင်ယူစေပြီး များပြားသော ရွှေအိုးများရရှိ၍ သူမ၏အိမ် ရှင် ကာဠဝဠိယကို အဆောင် အယောင်အခမ်းအနားနေရာများပါ ပေးအပ်ကာ "ဓနသေဋ္ဌိ" ဘွဲ့တံဆိပ်တပ်သည့် သဌေးကြီးရာထူး၌ ခန့်အပ်မြှောက်စား တင်ထားလေသတည်း။

(ကာဠဝဠိယ သဌေးဝတ္ထုပြီး၏။)

WWW.DHAMMARANSI.COM

# ဗျာဒိတ်တော်ရ သုမနပန်းသည်

## အသက်ကိုရင်း၍ ရှူဒါန်းသူ

တခုခု လုပ်မိခြင်းကြောင့်
နောင်တဖြစ်ကာ မပူပန်ရ
နောင်တမဖြစ်ရသည့် အလုပ်သည်ကောင်း၏။
နှစ်သက်ဝမ်းမြောက်ပြီး အကျိုးခံစားရ၏။
ထိုအလုပ်သည့်ကောင်း၏။

ဤဒေသနာတော်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား

သုမနအမည်ရှိ ပန်းတော်ဆက်သည် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီးထံ နံနက်တိုင်းပန်းဆက်သွားရ၏။

ဂေါတမမြတ်စွာဘုရားသခင်သည် နောက်ပါ သံဃာတော်များနှင့် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူ၏။

ပါရမီအဟုန်ပြည့်စုံသော သုမန ပန်းတော်ဆက်သည် မြတ်စွာဘုရားကို ဖူးမြင်ရလျှင်ပင် ဘုရားသခင်၏ အသရေတော်ကို

WWW.DHAMMARANSI.COM



ကြည်လင်သဒ္ဓါ ပွားများကာ ဖူးမျှော်၍မဝ ကြည်ညို၍မဝ သဖြင့်-

"ငါဘာလှူရပါမလဲ"

"ငါ့မှာ မြတ်လေးပန်းတွေ ပါသားပဲ၊ မြတ်လေးပန်းတွေနဲ့ ပူဇော်မယ်"

"အို-မဖြစ်သေးပါဘူး၊ ဘုရင်မင်းမြတ်ကို ပန်းတော်ဆက် ပျက်ကွက်ယင် ဖမ်းပြီး ထောင်ချချင်ချမယ်၊ ပြည်နှင်ဒဏ် ပေးယင်လဲ ပေးမယ်၊ သတ်ယင်လဲသတ်မယ်"

"အို- သတ်ချင်သတ်ပါစေတော့၊ ပေးသမျှဒဏ်ကို ငါခံမယ်၊ ဘုရားသခင်ထံ ငါ့အသက်ကိုလှူပြီး ဒီ မြတ်လေးပန်းနဲ့ ပူဇော်မယ်၊ ပူဇော်မယ်"ဟု ယတိပြတ်ဆုံးဖြတ်လိုက်၏။

မြတ်စွာဘုရား ကြွသွားရာ ရှေ့တော်သို့ လိုက်ပြီး တက်ကြွသော သဒ္ဓါတရားဖြင့် မြတ်လေးပန်း နှစ်ဆုပ်ကို ကြဲမြှောက် ပူဇော်လိုက်၏။

မြတ်လေးပန်းတို့သည် အောက်သို့ ပြန်ကျမလာပဲ ဘုရားသခင်၏ ဦးခေါင်းပေါ်တွင် မျက်နှာကြက်အဖြစ်မိုး၍ မြတ်စွာဘုရား ကြွသည့်အတိုင်း လိုက်ပါလာ၏။

သုမန ပန်းသည်က နောက်ထပ် ပန်းနှစ်ဆုပ်ကို ကြဲဖြန့် ပူဇော်လိုက်ပြန်၏။

ပန်းတို့သည် ဘုရားသခင်၏ လက်ယာနံဘေးတွင် တွဲလျား ကျ၍ နေ၏။

နောက်ထပ် ပန်းနှစ်ဆုပ်ကို အထက်သို့ မြှောက်၍ ပူဇော်လိုက်၏။ ဘုရားသခင်၏ လက်ဝဲဘက် နံဘေးမှ တွဲလျားကျ၍ တည်နေ၏။

WWW.DHAMMARANSI.COM



နောက်ထပ် ပန်းနှစ်ဆုပ်ကြဲဖြန့်ပူဇော် လိုက်ပြန်၏။

ဘုရားသခင်၏ အနောက်၌ တွဲလျားကျ၍ တည်နေပြန်၏။

ဤသို့ပန်းရှစ်ဆုပ်တို့သည် ပန်းကွန်ရက်(ဇာပန်း)ကဲ့သို့ မြတ်စွာဘုရား သခင်ကို ဖုံးအုပ်ဝန်းရံလျက် အညာရိုးတံတို့သည် အတွင်း၌ နေပြီး ပွင့်ချပ်တို့သည် အပြင်သို့ လှည့်တည်နေ၏။

ဘုရားသခင်၏ ရွှေ့၌မူ တံခါးမုခ်ကဲ့သို့ ဟင်းလင်းပွင့်လျက် ဘုရားသခင် ကြွတော်မူရာသို့ ပန်းဆိုင်းတို့သည် လိုက်ပါ၍သွား ကြ၏။ ဘုရားသခင် ရပ်တော်မူသော် ပန်းဆိုင်းတို့သည် ရပ်၍ တည်နေ၏။ မြတ်စွာဘုရား၏ ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်တို့ ကွန့်မြူးလျက် အထူးပင် တင့်တယ်တော်မူ လေ၏။

ရာဇဂြိုဟ်မြို့တမြို့လုံး အုတ်အော်သောင်းသောင်း ဖြစ်လျက် မြို့သူမြို့သားတို့သည် ထွက်၍ဖူးမြော်ကြကုန်၏။ လှူဒါန်းဖွယ်ရာ တို့ကို လှူဒါန်းကြ၏။ ဖူးမြော်၍ မဝသဖြင့် သံဃာတော်တို့၏ ဘေးနှစ်ဘက်မှ မြို့သူမြို့သားတို့သည် လိုက်ပါကြကုန်၏။

မြတ်စွာဘုရားသည် သုမနပန်းသည်မ၏ ဂုဏ်ကျေးဇူးကို ထင်ရှား ပေါ်လွင်စေရအောင် သုံးဂါဝုတ်မျှရှိသော မြို့တွင်းလမ်း ကြီးသို့ ကြွတော်မူ၏။

လူအပေါင်း အုတ်အော်သောင်းသောင်းဖြစ်ကြ၍ မင်းချင်း တို့သည် ဗိမ္ဗိသာရမင်းကြီးအား အကြောင်းစုံကို သတင်းစကား လျှောက်ကြ၏။

သုမန ပန်းသည်သည် မိမိ၏ အလှူအတွက် ကြီးစွာသော ပီတိဖြင့် မြတ်စွာဘုရားနှင့်အတူ လိုက်ပါကြည်ညိုပြီးနောက် ပန်း မပါသော ခြင်းတောင်းဖြင့် အိမ်သို့ပြန်ခဲ့၏။

၀၀၀ ၈ ဒ ဤ မ်

WWW.DHAMMARANSI.COM



# ဇနီးသည် ကိုယ်လွတ်ရုံးခြင်း

သုမန ပန်းသည်သည် မိမိအလှူအတွက် ပီတိတွေဖုံး တပြုံးပြုံးဖြင့် အိမ်သို့ပြန်ရောက်လာ၏။ ဇနီးက ပန်းဖိုးငွေမပါ၍မေး၏။

"ဘုရင်မင်းမြတ်ကို ပန်းမဆက်ခဲ့ရဘူး"

"ဘာ ဘာပြောတယ်"

"မင်းမကြားဘူးလား၊ ရာဇဂြိုဟ်တမြို့လုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားတာ"

"ဘယ်လိုဖြစ်လို့လဲ"

"ငါက ဘုရင်မင်းမြတ်ထံ ပန်းတော်ဆက်ဖို့အသွား မြတ်စွာဘုရားသခင် ဆွမ်းခံကြွလာတာနဲ့ကြုံလို့ ငါလဲ ကြည်ညိုသဒ္ဓါစိတ်တွေပွားပြီး ဘုရင်မင်းမြတ်ဆက်ဖို့ ပန်းတွေ မြတ်စွာဘုရားကို ကြဲမြှောက်ပြီး ပူဇော်လိုက်တာ၊ အံ့သြစရာပဲကွာ ပန်းတွေဟာ မြေကြီးကိုမကျတော့ပဲ မြတ်စွာဘုရားပတ်လည်မှာ ပန်းဆိုင်းကြီးလိုဖြစ်ပြီး မြတ်စွာဘုရားကြွသွားရာအရပ်ကို တပါတည်းပါသွားတာပဲ။ မြတ်စွာဘုရားကလည်းရောင်ခြည်တော်ခြောက်သွယ်လွှတ်တော့ တမြို့လုံး အုတ်အုတ်ကျက်ကျက်ထွက်ပြီး ပူဇော်လိုက်ကြတာလှူလိုက်ကြတာ အားရစရာကြီး ငါ့မှာလည်း ထူးထူးခြားခြားဖြစ်လာတဲ့ ငါ့အလှူအတွက် ဝမ်းသာလွန်းလို့ မြတ်စွာဘုရားနောက်က တကောက်ကောက် လိုက်ပြီး ကြည်ညို လိုက်ရတာ မပြောပါနဲ့တော့ရှင်မရေ သာဓုသာခေါ်ပေတော့"

"အမယ်လေးတော်၊ အမယ်လေးတော်၊ သာဓုလည်းမခေါ်နိုင်ပါဘူး၊ ပန်းတော်ဆက် ပျက်ကွက်ယင် ရာဇဝတ်တော် သင့်

WWW.DHAMMARANSI.COM



မယ်ဆိုတာ ရှင်မသိဘူးလား၊ တဆွေလုံး တမျိုးလုံး ရာဇဝတ် သင့်တော့ မခံဘူး၊ အခုပဲ နန်းတော်ထဲဝင်ပြီး ဘုရင်မင်းမြတ်ကို ဦးအောင် သံတော်ဦးတင်မယ်"ဟု ဆိုကာ မယားဖြစ်သူသည် ရေးကြီးသုတ်ပျာ အိမ်မှထွက်သွားလေ၏။

မောင်သုမနမှာ ကျလာသမျှ အပြစ်ဒဏ် ခံပါတော့မည်ဟု ယတိပြတ်ဆုံးဖြတ်၍ မိမိအသက်ကို မြတ်စွာဘုရားထံ ပေးလှူပြီး ပန်းများကိုကြဲဖြန့်ပူဇော်ခဲ့ရသည်၊မဖြစ်စဘူးထူးကဲသော ကြည်ညိုဖွယ်ရာ အဖြစ်ထူးများကြောင့် မိမိအလှူအတွက် ကြည်နူး၍သာ မယားဖြစ်သူ ဘုရင်မင်းမြတ်ထံ သံတော်ဦးတင်ရန် သွားသည်ကို တစုံတရာအပူမပျက်ပဲ အိမ်၌ပင် နေလေ၏။

## မယားက ဘုရင်ထံလျှောက်ထားခြင်း

မောင်သုမန၏မယားသည် ဗိမ္ဗိသာရမင်း ရှေတော်သို့ဝင်၍ မိမိ၏လင်ယောကျ်ားပြောသမျှ အကြောင်းစုံကို သံတော်ဦးတင်ပြီးနောက် "အရှင်မင်းမြတ်ဘုရား၊ ဒီအမှုမှာ ကျွန်တော်မျိုးမ ဘာမှ မသိပါ၊ အပြစ်ကျူးလွန်တဲ့အထဲ မပါဝင်ပါ၊ ရာဇဝတ် တော်မခံနိုင်လို့ သူ့ကိုကွာရှင်းပြီးကြောင်းလာရောက်သံတော်ဦး တင်ရကြောင်းပါဘုရား"

ဗိမ္ဗိသာရမင်းကြီးသည် သောတာပတ္တိဖိုလ်၌ တည်ပြီး မြတ်စွာဘုရားအပေါ်၌ သဒ္ဓါတရား အားကြီးလှသော ပုဂ္ဂိုလ် ဖြစ်သဖြင့် ဤမိန်းမသည် မိုက်မဲလှချေ၏ဟု မိန်းမကိုပြန်စေပြီး မြတ်စွာဘုရား လှည့်လည်ရာအရပ်သို့ သွားရောက်၍ သဒ္ဓါကြည် ညိုစွာ ရှိခိုးပြီးသော် မြတ်စွာဘုရားနှင့်အတူ လှည့်လည်လေ၏။

WWW.DHAMMARANSI.COM



## ဘုရားသခင် နန်းရင်ပြင်သို့ ကြွခြင်း

မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီး၏ ဆန္ဒကို သိတော်မူသဖြင့် မြို့တွင်းသို့ လှည့်လည်ပြီးနောက် နန်းရင်ပြင်သို့ ကြွတော်မူ၍ သံဃာတော်အပေါင်း ခြံရံလျက် သီတင်းသုံးတော်မူ၏။

ဤသို့ မြတ်စွာဘုရား ထိုင်တော်မူသော် ပန်းဆိုင်း လေးခုတို့သည် ပန်းမျက်နှာကြက် လေးခုဖြစ်ကြ၍ ဘုရားအား မိုးပေးထားကြကုန်၏။

မြတ်စွာဘုရားနှင့်တကွ သံဃာတော်များသည် ခံယူရရှိလာသော ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပြီးနောက် ကျောင်းတော်သို့ ကြွတော်မူ၏။ ဗိမ္ဗိသာရမင်းကြီးသည် ကျောင်းတော်အထိ လိုက်ပို့ပြီး ပြန်လာ၏။

## ရှစ်ခုရှစ်လီသော ဆုကြီးရှစ်မျိုး

ဗိမ္ဗိသာရ မင်းကြီးသည် နန်းတော်သို့ ရောက်လျှင် သုမနပန်းသည်ကို ခေါ်တော်မူစေပြီး စစ်မေး၏။ သုမနပန်းသည်က-

"အရှင်မင်းမြတ်အား ဆက်သမြဲဖြစ်သော ပန်းတို့ကို မဆက်သပဲ မြတ်စွာဘုရားအား လှူပါက အပြစ်ဒဏ် ခံရမည် သိပါ၏။ မြတ်စွာဘုရားကို ကြည်ညိုလွန်းလှ၍ အရှင်မင်းမြတ် အပြစ်ဒဏ်ပေးကာ သတ်လိုလျှင်လည်း သတ်ပါစေတော့ဟု အသက်ကို စွန့်၍လှူမိပါသည်"ဟု လျှောက်တင်၏။

"သုမန သင်သည် မြတ်သောယောကျ်ား ဖြစ်ပေ၏"ဟု မိန့်တော်မူပြီး အဋ္ဌကဆုတည်းဟူသော ဆင်ရှစ်စီး၊ မြင်းရှစ်စီး၊ သမီးကညာ ရှစ်ယောက်၊ ကျွန်မိန်းမ ရှစ်ယောက်၊ ကျွန်ယောကျ်ား

WWW.DHAMMARANSI.COM



ရှစ်ယောက်အား အဖိုးတန်သော တန်ဆာတို့နှင့်တကွ အသပြာရှစ်ထောင်နှင့် ရွာကြီးရှစ်ရွာတို့နှင့်တကွ ဆုချတော်မူလိုက်၏။

ဗျာဒိတ်တော်ရခြင်း

အရှင်အာနန္ဒာ မထေရ်မြတ်သည် သုမနပန်းသည်၏ ဒိဋ္ဌဓမ္မ ခံစားရသော အကျိုးအာနိသင်ကို စဉ်းစားတော်မူပြီး ဘုရားသခင်အား လျှောက်ထား၏။

ဘုရားသခင်က....

"သုမနပန်းသည်၏ အသက်ကိုပင် စွန့်လွှတ်၍ လှူဒါန်းရသော စေတနာကံသည် ဤဘဝမှာသာ ဒိဋ္ဌဓမ္မအကျိုး ခံစားရသည်မဟုတ်သေး၊ ကမ္ဘာတသိန်းတိုင်တိုင် အပါယ်သို့မကျရောက်တော့ပဲ၊ လူ့စည်းစိမ် နတ်စည်းစိမ်တို့ဖြင့် ကျင်လည်ကျက်စားပြီးနောင်သောအခါ 'သုမန' အမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်ပေလတံ့" ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော်မူပြီးနောက် ညနေချမ်းတရားသဘင်တွင် ရဟန်းအပေါင်းတို့အား အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူ၏။

(၆၈) တဉ္စ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ နာနုတပ္ပတိ။
ယဿ ပတီတော သုမနော၊ ဝိပါကံ ပဋိသေဝတိ။

(၆၈) အကြင်ကံ့ကို ပြုလုပ်ခြင်းကြောင့် နောင်တဖန် မပူပန်ရ။ ထိုကံမျိုးကို ပြုလုပ်ခြင်းသည်သာ ကောင်း၏၊ နှစ်သက် ဝမ်းမြောက်လျက် အကြင်ကံ၏ အကျိုးကို ခံစားရ၏၊ ထိုကံမျိုးကို ပြုလုပ်ခြင်းသည် ကောင်း၏။

(ဓမ္မပဒ ဗာလဝဂ် သုမနပန်းသည်ဝတ္ထု ပြီး၏။)

WWW.DHAMMARANSI.COM

# နိဂုံး

လောကီကောင်းကျိုးချမ်းသာ၊ လောကုတ္တရာကောင်းကျိုးချမ်းသာတို့ကိုပေးစွမ်းနိုင်သော ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူသော "ဓမ္မပဒ" တရားတော်များနှင့် ဘုရားရှင်လက်ထက်က တကယ့်အဖြစ်အပျက် ဇာတ်ဝတ္ထုတို့ကို တူညီရာစုပေါင်း၍ အများပြည်သူ အလွယ်တကူ ဖတ်ရှုနိုင်ကြစေရန် စီစဉ်ပြုစုခဲ့ရာ၊ မိမိရည်မှန်းချက် ပြီးစီးအောင်မြင်ခြင်းသို့ရောက်၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရပါတော့သည်။

ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၈၀ ပြည့်နှစ်သည် မိမိရည်မှန်းသော ကောင်းမှု ကုသိုလ် တရပ်၏ အောင်မြင်သော နှစ်ဟု မှတ်တမ်းပြုအပ်ပါသည်။

ဤ"ဓမ္မပဒ လက်ရွေးစင်များ"ကို ပြုစုရာတွင် မိမိ၏ ကိုယ်ကျိုးအတွက် စိုးစဉ်းမျှ မရည်ရွယ်၊ ဗုဒ္ဓ၏ သာသနာတော် တည်တံ့ ပြန့်ပွားရေးအတွက် မိမိ၏ တလက်ဆွမ်း တယောက်မဖြင့် သာသနာပြုခြင်း ဖြစ်ပါသည်။

ဓမ္မပဒလက်ရွေးစင်ဝတ္ထုများ အမှတ် (၁)

အမှတ်-၁ ကို(ဒါနဝတ္ထုများ)အဖြစ် (၁)လယ်စာရင်းငှားပုဏ္ဏသဌေးကြီးဝတ္ထု၊ (၂) ဥတ္တရာနှင့်သီရိမာဝတ္ထု ၊ (၃)သီရိမာနှင့် ရဟန်းတပါးဝတ္ထု၊ (၄)ရှင်မောဂ္ဂလာန်နတ်ပြည်ရောက်ဝတ္ထု၊ (၅)အာနန္ဒာသဌေးကြီးဝတ္ထု၊ (၆)နန္ဒိယသူကြွယ်ဝတ္ထုတို့ဖြင့် နီးစပ်ဆက်နွယ်ရာ ပူးပေါင်းပြုစုခဲ့ပါသည်။

ဓမ္မပဒလက်ရွေးစင်ဝတ္ထုများ အမှတ် (၂)

အမှတ်-၂ ကို (အလှူရှင်ကြီးများ) အမည်ဖြင့် ရာဇဂြိုဟ်သဌေးကြီးများ ဖြစ်ကြသော (၁) ဇောတိက သဌေးကြီး၊

WWW.DHAMMARANSI.COM

(၂) ဇင့ိုယသရွေးကြီး၊ (၃) မေဏ္ဍကသရွေးကြီး ဝတ္ထုများနှင့် ထိုသရွေးကြီးတို့၏ ရှေးအတိတ်အလှူကြီးများကို တခမ်းတနား ဖော်ပြလာ ရဟန္တာအဖြစ် ရောက်ကြသည်အထိ ပါရှိပါသည်။

ဓမ္မပဒလက်ရွေးစင်ဝတ္ထုများ အမှတ် (၃)

အမှတ် ၃ တွင် (ဝိသာခါကျောင်းအမကြီး) အမည်ဖြင့် (၁) ရာဇဂြိုဟ်ပြည်သရွေးကြီး ကာကဝလ္လိယဝတ္ထု၊ (၂) ဝိသာခါ ကျောင်းအမကြီး ၇ နှစ်သမီးအရွယ် သောတာပန် ဘဝမှ မှတ်သားဖွယ်ရာ ဇာတ်လမ်းအစုံနှင့် နီးစပ်ဆက်နွယ်သောဝတ္ထု များကို အကျယ်တဝင့် ဖော်ပြထားပါသည်။

ဓမ္မပဒလက်ရွေးစင်ဝတ္ထုများ အမှတ် (၄)

အမှတ် ၄ တွင် (သာမဏေကျော် လေးပါး) အမည်ဖြင့် (၁) တိဿ သာမဏေဝတ္ထု၊ (၂) ပဏ္ဍိတ သာမဏေဝတ္ထု၊ (၃) သံကိစ္စသာမဏေဝတ္ထု၊ (၄) သုမနသာမဏေဝတ္ထုများ အပြင်၊ အကျဉ်းအားဖြင့် (၅) အရှင်ရေဝတ၊ (၆) သုခသာမဏေ၊ (၇) သာနုသာမဏေ၊ (၈) သာမဏေကျော်လေးပါး၊ (၉) အရှင် ကုမာရကဿပ၊ (၁၀) အရှင်သီဝလိမထေရ်နှင့် (၁၁) ထေရာ အပါဒါန်တွင် လာရှိသော သာမဏေဘဝမှ ရဟန္တာ ဖြစ်ကြ သော ပုဂ္ဂိုလ်ပေါင်း ၁၄ ဦးတို့ကို ဖော်ပြပါရှိပါသည်။

ဤသို့ဖြင့် ဓမ္မပဒလက်ရွေးစင်ဝတ္ထုများကို အမှတ်စဉ် ၄-၅-၆ အထိ မှတ်သားဖွယ်ရာ ဝတ္ထုတော်များကို ဓမ္မပဒဂါထာ တော်များနှင့် ဘာသာပြန်များပါ ပူးတွဲ၍ ပြုစုစီစဉ်သွားမည် ဖြစ်ပါသည်။

မု-ဒိ-အာ နှင့် ပြည့်စုံရပါလို၏။

လှခင် (ဆန်းညွန့်ဦး)

၁၃၄၂—နယုန်လပြည့်။

ဒုတိယနှိပ်ခြင်း ၁၃၄၃ ခု၊ တတိယနှိပ်ခြင်း။ ၁၃၄၄ ခု။

ထော်ဂျီအကြိမ်

WWW.DHAMMARANSI.COM

## ချက်ချင်းအကျိုးပေးသောအလှူအင်္ဂါ ၄ ပါး

## (ဒိဋ္ဌဓမ္မဝေဒနီယကံအင်္ဂါ ၄ ပါး)

၁။ အလှူရှင်၏ စေတနာ ထက်သန်မှုရှိခြင်း၊

၂။ လှူသောပစ္စည်းသည် တရားသဖြင့် ရှာဖွေရရှိခြင်း၊

၃။ အလှူခံပုဂ္ဂိုလ်သည် ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါတို့ ဖြစ်ခြင်း၊

၄။ နိရောဓသမာပတ်မှထဦးဖြစ်၍လွန်ကဲသောဂုဏ်ရှိခြင်း၊
ဤ အင်္ဂါလေးပါးနှင့် ပြည့်စုံလျှင် ဒိဋ္ဌဓမ္မအကျိုးပေးနိုင်၏။

## နိရောဓသမာပတ်မှထဦးတွင်

နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်သည် သမာပတ်ဝင်စားခဲ့သော ရက်အတွင်း မည်သည့်အာဟာရ၊ရေတပေါက်မျှပင် မသုံးဆောင် ခဲ့သောကြောင့် နိရောဓသမာပတ်မှ ထဦးစအချိန်တွင် ရုပ်ခန္ဓာသည် မီးကဲ့သို့ ပူလောင်နေ၏။

အချိန်မီ မဘုဉ်းပေးရလျှင် ပရိနိဗ္ဗာန်စံရမည်ဖြစ်၏။

ထို့ကြောင့် သမာပတ်မှ ထလျှင်ထချင်း လောကကို ကြည့်ရှုတော်မူ၍ (၁) မည်သူ့ကို ချီးမြှောက်ရမည်နည်း၊ (၂) ထိုသူတို့၏စေတနာသဒ္ဓါတရား ရှိ မရှိ၊ (၃) ထိုသူတို့၏ ရှေးဘဝကံဟောင်း ရှိ မရှိတို့ [illegible] အရပ်သို့ကြွတော်မူလေ့ရှိ၏။

294.3092, 2-32
A1MMGB016563

WWW.DHAMMARANSI.COM


## တခါဝယ်ထား သားစဉ်မြေးဆက်ဖတ်ရသည့်၊

### ဓေတ်မီဓမ္မပဒဝတ္ထုတော်ကြီး (အစမှအဆုံးထိ)

(ပထမတွဲမှပဥ္စမတွဲ) ငါးတွဲနှင့်အပြီး တတွဲ ၁၀/-

"လက်ရွေးစင် ဓမ္မပဒ" ၁ မှ ၆ အထိ တအုပ် ၃ ကျပ်

**လူကြီးများဖတ်ရန်ပုံပြင်များ (အတွင်းပုံများဖြင့်)**

| | |
|---|---|
| သင်္ဂဇာဆရာတော် ဥပမာပုံပြင်ဝတ္ထုများ | ၆ ကျပ် |
| မန်းမော်ဆရာတော် ဟာသပုံပြင်ဝတ္ထုများ | ၆ ကျပ် |
| ဦးပေါ်ဦးလျှောက်ထုံး ပထမတွဲ ဒုတိယတွဲ | ၆ ကျပ် |
| စကားတောင်စား လေက်တို ညွှိ | ၆ ကျပ် |
| ခုံတော်မောင်ကျဘမ်းစကားစစ်ထိုးခန်း | ၆ ကျပ် |

**အင်္ဂလိပ်ဆေး မြန်မာဆေးနှင့် အိမ်တွင်းမှု**

| | |
|---|---|
| ဦးသိန်းထွန်းမြင့် အိမ်တွင်းဆရာဝန် (ပထမတွဲ) | ၃၀ ကျပ် |
| ။ ဘီ၊ပီ၊အိုင်၊ နိုင်ငံခြားဆေးသုံးစွဲနည်း | ၁၅ ကျပ် |
| ။ ရုပ်ပြရှေးဦးသူနာပြုစုနည်း | ၈ ကျပ် |
| ဦးလှခင်၏ မီးဖိုချောင်မှဆေးစွမ်းကောင်းများ ပ-ဒု | ၆ ကျပ်စီ |
| ဦးကြီးပုချက်နည်းပြုတ်နည်း ၅၀၀ | ၂၀ ကျပ် |
| ဒေါ်စိန်စိန်မုန့်လုပ်နည်းမျိုးစုံ | ၆ ကျပ် |
| ထိပ်တင်ထွဋ် ၁၄ ရက်အတွင်း အရပ်ရှည်နည်း | ၄ ကျပ် |
| ။ ကျားမ၊ ကိုယ်အလှ ၆လ လေ့ကျင့်စဉ် | ၆ ကျပ် |
| ကိုင်ရှိ၏အဆင့်မြင့်လက္ခဏာ (၁) ၁၅ကျပ်။ အမှတ် | ၂-၂၀ ကျပ် |
| ခေတ်ဟောင်းတေးများ မောင်တင်ထွေး | ၁၅ ကျပ် |
| ရွှေနန်းသုံး မဟာဂီတပေါင်းချုပ် | ၃၀ ကျပ် |
| ခေတ်ပေါ် ရှပ်အင်္ကျီချုပ်နည်းများ။ ဦးမျိုးလွင် | ၂၀ ကျပ် |
| တက္ကသိုလ်မြင့်နိုင်၊ ကလေးသူငယ် ဥပဒေများ | ၆ ကျပ် |
| ။ ။ အမျိုးသမီး ဥပဒေများ | ၁၀ ကျပ် |